
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ၁၆။ အိပ်မက်

"တစ်"

ယခုရေးသားအံ့သော ဝတ္ထုမှာ ဦးထင်ကျော်နှင့်အတူ ကျွန်တော်မနေမီ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တခုဖြစ်လေသည်။ ဦးထင်ကျော်သည် အလွန်တိကျသေချာသောသူတယောက်ဖြစ်သည့် အတိုင်း သူလိုက်ပါဆောင်ရွက်ရသည့် အမှုကိစ္စများကို သူ၏ဒိုင်ယာရီစာအုပ်တွင် အကျဉ်းချုပ်မျှ ရေးသားထားလေ့ရှိရာ တနေ့တွင် 'အိပ်မက်' အကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့ ဆွေးနွေးလျက် ရှိကြရာမှ ဦးထင်ကျော်က....

"ဩော် ...ဒါထက် အိပ်မက်ဆိုလို့ ကိုတင်မောင်မရောက်ခင်က ကျုပ်ကိုအိပ်မက်အကြောင်း ခေါ်မေးတဲ့လူတယောက်ရဲ့အမှုအကြောင်း ပြောရအုံးမယ်"

....ဟု ဆိုကာ အောက်ပါအဖြစ်အပျက်များကို ကျွန်တော့်အားနှုတ်ဖြင့်ပြောပြလေသည်။ ထို့နောက် ဦးထင်ကျော်ကဆက်၍....

"ဩော်....ဒါထက် ခင်ဗျားကိုစကားစပ်မိလို့ တခုပြောရအုံးမယ်၊ ကျုပ်ကိုစုံထောက်ဆိုပြီး ခင်ဗျားက ဝတ္ထုတွေရေးနေတယ်မဟုတ်လား"

"ဟုတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်တော့ စုံထောက်လို့မခေါ်သင့်ပါဘူးဗျာ၊ ရာဇဝတ်ဖြစ်မှုတွေ မပေါ်ပေါက်အောင် အစိုးရက လခရိက္ခာပေးပြီး ခန့်ထားတဲ့လူသာ စုံထောက်လို့ခေါ်သင့်ပါတယ်၊ အမှန်တော့ကျုပ်က ဝါသနာအလျောက် ရာဇဝတ်ဖြစ်မှုတွေဟာ ဘာကြောင့်ဖြစ်ရတယ်၊ ဒီဟာတွေကိုဘယ်လိုလူတွေက ကျူးလွန်တတ်တယ်၊ ဘာကြောင့် ကျူးလွန်ရတယ်ဆိုတာတွေကိုကျုပ်ကသုတေသနပြုနေတာဘဲဗျ"

"ကျွန်တော်အသိသားဘဲဗျာ၊ ခင်ဗျားလုပ်နေတာတွေ၊ နို့ပေမဲ့ အနောက်နိုင်ငံတွေမှာ ရာဇဝတ်မှုတွေကိုလိုက်ပြီး ထောက်လှမ်းနေတဲ့ အစိုးရ လခစားမဟုတ်တဲ့လူတွေ အရှိသားဘဲဗျ၊ သူတို့ကို 'ပရိုက်ဗိတ်ဒီတက်တစ်' လို့ ခေါ်ဟာဘဲဗျ၊ တခါကလဲ ဒီအကြောင်းတွေ ခင်ဗျားပြောဘူးသားဘဲ"

"ဟုတ်တော့ဟုတ်ပါတယ်ဗျာ"

"ကဲ....ဒီတော့ ဒီနေရာမျိုးမှာ ကျုပ်တို့ဗမာပြည်မှာလဲအစိုးရရာဇဝတ်ဌာနကိုကူညီတဲ့လူတွေ ရှိတဲ့အကြောင်း၊ သူတို့နဲ့ပုခုံးချင်းပြိုင်နိုင်တဲ့အကြောင်းပြရာရောက်တာပေါ့ဗျ"

"အဲလေ....ထားလိုက်ပါတော့၊ ဒီအကြောင်းနောက်မှ ဆွေးနွေးကြတာပေါ့၊ဘာဘဲဖြစ်ဖြစ် ဗျာ၊ ကျုပ်ရည်ရွယ်ချက်ကတော့ တကယ်ဖြစ်မှုကျူးလွန်တဲ့ လူတွေအပြစ်မရချင်နေပေစေ၊ အပြစ်ကင်းမဲ့တဲ့လူတယောက်ဖြစ်မှုကလွတ်ယင် ကျုပ်ကျေနပ်ပါပြီ"

"ဒီထက်ကောင်းတဲ့ ရည်ရွယ်ချက်ဘာရှိသေးလဲ"

"အင်း....ခင်ဗျားပြောတာနဲ့ကျုပ်တော့ အတော်သွေးကြီးသွားပြီ၊ကဲ....လာဗျို့ကိုတင်မောင် ကျုပ်တို့အနောက်ပိုင်းမရောက်တာအတော်ကြာသွားပြီတရုတ်ဟော်တယ်တခုခုသွားကြစို့လားဗျာ"

*　　　　　　　　*

ဦးထင်ကျော်သည် ရှေးခေတ်က ဆောက်လုပ်ထားသည့် တိုက်ကြီး တတိုက်ကို လှမ်း၍ ကြည့်လိုက်၏။ တိုက်နံရံ အချို့နေရာများတွင် ရေညှိများတက်နေသဖြင့် အစိမ်း ရောင် ဆေးကို ကွက်တိကွက်ကြားသုတ်ထားသကဲ့သို့ရှိ၏။ တိုက်၏ လက်ျာဘက်နံဘေး၌ စက်ရုံတခု၏ ဂိုဒေါင်မှ မြင့်မားသောနံရံ ကြီးသည် တိုက်ခေါင်မိုးနှင့်တပြေးညီညာလောက်ပင်ရှိနေ၏။

ထိုတိုက်မှာ မိမိထံသို့ စာရေးလိုက်သော စက်သူဌေး မြေပိုင်ရှင် ဦးရွှေဘော်တိုက်ပင်ဖြစ်လေသည်။ တိုက်၏ နောက်ဖေးဘက်တွင် ခြံစည်းရိုးနှင့်ကပ်လျက် ဘောလုံးကွင်း တခုကို တွေ့မြင်ရ၏။

ဦးထင်ကျော်သည် သူဌေး ဦးရွှေဘော်၏ နာမည်ကို ကြားဘူးရုံမျှသာ ကြားဘူး၍ လူကိုကား ကိုယ်တိုင် မတွေ့မမြင်ဘူးချေ။ ဦးရွှေဘော်မှာ ထိုခေတ်က မျက်နှာကြီး သူဌေးတယောက်

www.burmeseclassic.com

ဖြစ်သည့်အတိုင်း မည်သည့်အသင်းတွင်ဥက္ကဋ္ဌ၊ မည်သည့်အဖွဲ့တွင် ဘဏ္ဍာထိန်း စသည်ဖြင့် ပါဝင်ဆောင်ရွက်နေသည့် အကြောင်းများကို သတင်းစာများတွင် မကြာခဏ ဖတ်ခဲ့ဘူး၏။

အသက် ၅၀ ကျော်၍ ၆၀ သို့ပင် ကပ်လျက်ရှိပြီ ဖြစ်သောကြောင့် ဆံပင်ဖွေးဖွေး ဖြူလျက်ရှိနေပြီးလျှင် နှာတံကောက်ကောက်၊မျက်ပေါက်ကျဉ်းကျဉ်းနှင့် ခပ်ပိန်ပိန် လူတယောက် ဖြစ်၏။ မျက်စိမှာလည်း အလွန်မှုံသဖြင့် မျက်မှန်အဝိုင်းအထူကြီးကို အမြဲတပ်ဆင်ထားရ၏။ ဦးထင်ကျော်သည် အထက်ပါရုပ်လက္ခဏာရှိသော သူဌေး ဦးရွှေဘော်အား သတင်းစာများတွင် တခါတရံ အမှတ်မထင်တွေ့မြင်ဘူးကြောင်း သတိရမိလေသည်။ မိမိအား မည်သည့်ကိစ္စတွက် စာရေးခေါ်သည်ကို မခန့်မှန်းနိုင်အောင်ပင် ရှိတော့၏။ ဦးထင်ကျော်သည် တိုက်သို့ ဝင်ခါနီး သူရရှိသော စာရွက်ခေါက်ကလေးကိုပင် အင်္ကျီအိတ်အတွင်းသို့ လက်နှိုက်၍ စမ်းသပ်ကြည့် မိသေး၏။

တိုက်ရှေ့ခြံဝင်းအတွင်းသို့ ဝင်မိသောအခါ လမ်းဓာတ်မီးများမှာ များစွာ မလင်းလှသဖြင့် ဆင်ဝင်အောက်တွင်အတန်ငယ်မှောင်လျက်ရှိ၏။ တံခါးမှာသံမဏိဆွဲတံခါးအတွင်းမှာဖြစ်၍သော့ခတ်ပိတ်ထားရာ၊ ဦးထင်ကျော်သည် တံခါးပေါက်နဘေးရှိ ခလုတ်ကလေးကို နှိပ်လိုက်၏။ အချိန်မှာ စာထဲတွင်ချိန်းဆိုထားသည့်အတိုင်း ညဉ့် ၈ နာရီ မိနစ် ၃၀ တိတိရှိလေပြီ။ ဦးထင်ကျော်ကား အစစအရာရာတွင် အလွန် အချိန်မှန်သူတယောက် ဖြစ်၏။ •

တံခါးပွင့်သွားပြီးနောက် အစေခံနှင့်တူသော လူတယောက်ကို နောက်ခံ ဓာတ်မီးရောင်များ လင်းနေသည့် အခန်းကြီးတွင် တွေ့မြင်ရ၏။ ထိုသူသည်ဦးထင်ကျော်အား ခေတ္တမျှ ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီးနောက်....

"ကျွန်တော်တို့ ဆရာနဲ့ ချိန်းထားပါသလား ခင်ဗျာ...."

"ဟုတ်တယ်"

"နာမည် အမိန့်ရှိပါခင်ဗျာ"

"မောင်ထင်ကျော်တဲ့"

ထိုသူသည် ဦးထင်ကျော်အား တံခါးဖွင့်ပေးပြီးနောက် ရိုသေသည့် အမူအရာဖြင့် အတန်ငယ် ဦးခေါင်းကိုညွှတ်လိုက်ရာ ဦးထင်ကျော်လည်းအိမ်ထဲသို့ ဝင်ခဲ့လေသည်။ ထိုသူသည်တံခါးကိုအတွင်းမှ ပြန်ပိတ်လိုက်ပြီးနောက်ဦးထင်ကျော်လက်တွင် ကိုင်ထားသော တုတ်ကောက်ကိုကျင်လည်စွာလှမ်းယူလိုက်ပြီးလျှင် အခန်းနံဘေးရှိ ဦးထုပ်များတင်သော ချိတ်တွင် ချိတ်ထားလိုက်၏။

"တဆိတ် ကျွန်တော့်ကို ခွင့်လွှတ်ပါ ခင်ဗျာ၊စာတစောင် ပါလာလိမ့်မယ်လို့ ကျွန်တော့်ကို ပြောထားလို့ပါ"

"ရော့ ဟောဒီမှာ"

ဦးထင်ကျော်သည် ခေါက်၍ထားသော စာခေါက်ကလေးကို အစေခံအား လှမ်း၍ ပေးလိုက်၏။ အစေခံသည် စာကို ကြည့်သည်ဆိုရုံမျှသာ ကြည့်ပြီးလျှင် ဦးထင်ကျော်အား ပြန်၍ ပေးလေသည်။ ထိုစာမှာ သူဌေး ဦးရွှေဘော်ထံမှ ဦးထင်ကျော်ထံ ပေးသော စာဖြစ်၍ အောက်ပါ အတိုင်း ရေးသားပါရှိလေသည်။

www.burmeseclassic.com



စုံထောက်ဦးထင်ကျော်ခင်ဗျား

မြေပိုင်ရှင် သူဌေးမင်းဦးရွှေဘော်(တီ-ပီ-အက်)က လူကြီးမင်းနှင့် တွေ့ဆုံ အကြံဉာဏ် တောင်းလိုပါသည်။ အကယ်၍ လူကြီးမင်း အားလပ်ပါက ယခု ကြာသပတေးနေ့ည ၈း၃၀ နာရီတွင်သူဌေးမင်းနေအိမ်သို့ကြွလာစေလိုပါကြောင်း။

ကြိုတင်ကျေးဇူးတင်လျက်....

မောင်မြင့်မောင်

သူဌေးမင်း၏အတွင်းရေးမှူး

မှတ်ချက်။ ။ယခုစာကို ကျေးဇူးပြု၍ တပါတည်းယူဆောင်လာစေလိုပါသည်။

× × ×

ထိုသူသည် ဦးထင်ကျော်အား 'အတွင်းရေးမှူး ကိုမြင့်မောင်အခန်းကို ကြွပါခင်ဗျာ" ဟု ပြော၍ ခေါ်သွားလေသည်။

ထိုသူသည် ဦးထင်ကျော်အား အပေါ်သို့တက်သော လှေကားတခုမှ ခေါ်သွားလေရာ ဦးထင်ကျော်လည်း ထိုသူ၏နောက်မှလိုက်ပါသွားရလေ၏။ လှေခါးထိပ် အလယ်ခန်းမဆောင်သို့ ရောက်သောအခါ ထိုသူသည် လက်ဝဲဘက်ရှိအခန်းတခန်းမှတံခါးကို ခေါက်လေ၏။ခန်းမဆောင်၏ နံရံများတွင် ရှေးမြန်မာပန်းချီဆရာကြီးများ၏လက်ရာများကိုဆွဲချိတ်ထားသဖြင့် ဦးထင်ကျော်မှာ အနုပညာသည်တဦးဖြစ်သည့်အတိုင်း ထိုကားများကို တဖဏမျှလှမ်း၍ ကြည့်လိုက်မိ၏။ သာမန် အစေခံတယောက်သည် မိမိ၏သခင်နေသောအခန်းကို အလွန်အရေးကြီးသောအကြောင်း တစုံတရာ မရှိဘဲ တီးခေါက်လေ့မရှိသဖြင့် ဦးထင်ကျော်သည် ထိုအချက်ကိုသတိပြုလိုက်မိပြန်၏။

အခန်းတွင်းမှ မကဲ့မပြားအသံတသံကိုကြားလိုက်ရပြီးလျှင် ထိုသူသည် တံခါးကို တွန်း၍ ဖွင့်လိုက်၏။ ထို့နောက်အတွင်းဘက်သို့လှမ်း၍....

"ဆရာစောင့်နေတဲ့လူ လာပါပြီဆရာ"

...ဟု ပြောပြီးလျှင်အခန်းအပြင်သို့ထွက်သွားလေသည်။ အခန်းမှာ အတော်အတန် ကျယ် ဝန်းသောအခန်းတခုဖြစ်၍စားပွဲ၊ကုလားထိုင်၊ဘီရိုစသည်တို့မှာလည်းအတော်ပင်ရှေးကျ၍ဟောင်းမြင်း လှချေ၏။ သို့သော်သပ်သပ်ယပ်ယပ်နေသားတကျ ထားရှိလေသည်။ နံရံ၌ကပ်ထားသော ဘီရိုများ တွင် စာရင်းစာအုပ်နှင့်တူသော စာအုပ်ကြီးများ၊ဖိုင်တွဲများကို မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းခေါင်းရင်းဘက်ရှိ စားပွဲတလုံးနောက်တွင် ကြုံလိုသောလူဘယောက်ထိုင်နေသည်ကို မထင်မရှား တွေ့မြင်ရ၏။ ကုလားထိုင်ရှေ့တွင် ကတ္တီပါခင်းထားသော စာရေး စားပွဲတလုံး ရှိရာ ထိုစားပွဲအလယ်၌ရှိသော စားပွဲတင်မီးအိမ်အုပ်ဆောင်းမှာ ဦးထင်ကျော်ဝင်လာသောတံခါးပေါက်ဘက်သို့ တည့်တည့်ကြီးလှည့်နေသဖြင့် ဦးထင်ကျော်မှာ ထိုင်နေသူကို ကောင်းစွာ မမြင်ရချေ။ ဓာတ်မီးလုံးမှာဖယောင်းတိုင် ၁၀၀ အားခန့်ရှိမည်ထင်ရ၏။ ပထမတွင်ဦးထင်ကျော်မှာဓာတ်မီးရောင်ကြောင့် မျက်လုံးများပင် ပြာလျက်ရှိလေသည်။

ထိုင်နေသူသည် ကုတ်အင်္ကျီခပ်ဟောင်းဟောင်းတထည်ကိုဝတ်လျက် ဆံပင်များမှာဖွေးဖွေးဖြူလျက်ရှိနေပြီးလျှင် နှာခေါင်းမှာလည်း ငှက်၏နှုတ်သီးကဲ့သို့ ခပ်ကောက်ကောက် ရှိနေ၏။ မျက်မှန်အထူအဝိုင်းကြီး၏နောက်မှတောက်ပသောမျက်လုံးနှစ်လုံးသည် ညှော်သည် ဦးထင်ကျော်အား မယုံကြည်သည့်ဟန်ဖြင့် စူးစိုက်ကြည့်ရှုလျက်ရှိလေသည်။

"ဟလို....ခင်ဗျားဦးထင်ကျော်မှတ်တယ်ဗျ"

"မှန်ပါတယ်၊ အလိုရှိတာ အမိန့်ရှိပါခင်ဗျာ"

ဦးထင်ကျော်သည် စားပွဲရှေ့၌ခင်းထားသော ကုလားထိုင်နှစ်လုံးအနက်မှ တလုံး၏နောက်မှီကို လက်ဖြင့်ထောက်ကာ အတန်ငယ်ဦးခေါင်းကို ညွှတ်လိုက်၏။

"ထိုင်ပါ....ထိုင်ပါ"

ဦးထင်ကျော်သည် ကုလားထိုင်တလုံးပေါ်တွင် ထိုင်လိုက်ရာ စားပွဲတင် မီးအိမ်မှ မီးရောင်မှာ သူ၏မျက်နှာကို ထိုးလျက်ပင်ရှိနေသေး၏။ မီးအိမ်နောက်ရှိ လက်တန်း ကုလားထိုင်ပေါ်၌ ထိုင်လျက်ရှိသော သူဌေးဦးရွှေဘော်သည်....

ဦးထင်ကျော်အား အကဲခတ်ကြည့်ရှုနေဟန်တူလေသည်။

"အင်း....ဟုတ်ပါတယ်၊ နို့ပေမဲ့ ဦးထင်ကျော်ဆိုတာ ကျုပ်ဘယ့်နှယ်လုပ်ပြီး သိနိုင်ပါ့မလဲဗျ၊ အင်း....အဲဒါပြောစမ်းပါဦး"

ဦးထင်ကျော်သည် သူ၏အိတ်ထဲမှ စာခေါက်ကလေးကို ထုတ်ယူလိုက်လေသည်။

"ဟုတ်ပါပြီ....ဟုတ်ပါပြီ၊ ဒီစာ ကျုပ်အတွင်းရေးမှူး မောင်မြင့်မောင်ကို အရေးခိုင်းရတယ်လေ"

သူသည် စာရွက်ခေါက်ကလေးကို ကြည့်သည်ဆိုရုံမျှ ကြည့်ပြီးနောက်၊ ဦးထင်ကျော်အား ပြန်၍ပေးလိုက်လေသည်။

"ဦးထင်ကျော်ဆိုတာ ခင်ဗျားဘဲကိုး"

"ဘာမှ လိမ်စရာ အကြောင်းမရှိပါဘူး ခင်ဗျာ"

"အဲဒါက မျက်လှည့်ဆရာဟာ ဦးထုပ်ထဲက ခိုတကောင်ကို ထုတ်မပြခင် ပြောတဲ့စကားမျိုးပေါ့ဗျ၊ ဘာဘဲဖြစ်ဖြစ် စကားဆိုတာ ဒီလိုပြောရတာမျိုးဘဲ၊ ဟား....ဟား....ဟား"

ဦးထင်ကျော်က တစုံတရာပြန်၍မပြောချေ။

"အင်း....ခင်ဗျားကတော့ ကျုပ်ကို သူတပါးအပေါ် အင်မတန် မယုံသင်္ကာရှိတတ်တဲ့ အဘိုးကြီးလို့ထင်မှာဘဲ၊ ဟုတ်တယ်လေ၊ ကျုပ်ကလဲ ဒီအတိုင်းဘဲ၊ ကျုပ်ဟာ ဘယ်သူ့မှမယုံဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တကျူး ကိုယ့်ဒူးတောင် မရှိဘူးလို့ဆိုတဲ့စကားဟာ ကျုပ်ရဲ့ လက်သုံးစကားပေါ့ဗျ၊ ပိုက်ဆံရှိလေလေ သူများအပေါ် မယုံလေလေဆိုတာ ခင်ဗျာ့ကိုယ်တိုင် ပိုက်ဆံချမ်းသာလာယင် သိမယ်....ဟား....ဟား....ဟား"

"ခြေဘ်....ဒါထက် သူဌေးမင်းက ကျွန်တော့်ကို တိုင်ပင်ချင်လို့ခေါ်တာ မဟုတ်ပါလား ခင်ဗျာ"

(ကိုရွှေဘော်က ဦးခေါင်းကိုညိတ်လျက်)

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျုပ်က အကောင်းဆုံးမှကြိုက်တာဗျ၊ ဘာမဆို အကောင်းဆုံးဖြစ်ရမယ်၊ ဆရာဝန်ခေါ်လဲ အကောင်းဆုံးဆရာဝန်၊ ရှေ့နေခေါ်ယင်လဲ အကောင်းဆုံးရှေ့နေ၊ စုံထောက်ခေါ်ယင်လဲ အကောင်းဆုံးစုံထောက်၊ အိုဗျာ....ဘာမဆို ကျုပ်က အကောင်းဆုံးမှကြိုက်တာ၊ သူများလို ဈေးမေးမနေဘူး၊ ခင်ဗျားကိုခေါ်တာတောင် ကျုပ်က အဖိုးအခမေးနေသေးသလား၊ ကိစ္စပြီးတဲ့အခါ ဘီလ်လုပ်ပြီးပို့လိုက်ယင် ကျုပ်က ပေးမှာဘဲ....ဘယ်သင်းမျိုးမဆိုပိုက်ဆံအကောင်းဆုံးပေးမှ ပစ္စည်းအကောင်းဆုံးရတာ မဟုတ်လား ဦးထင်ကျော်ရဲ့"

ဦးထင်ကျော်သည် တစုံတရာစကားပြန်၍မပြောချေ။

သူဌေးဦးရွှေဘော် ပြောသော စကားများကိုသာ အကဲခတ် နားထောင်လျက်ရှိလေသည်။ ဦးရွှေဘော်သည် ပိုက်ဆံကြေးငွေ ကြွယ်ဝချမ်းသာသော်လည်း လူ့ကပ်စေးနဲ၊ လူ့စေ့စပ်ကြီးတယောက်ဖြစ်သည်ဟူသော သတင်းမှာ မှန်ကန်ကြောင်းတွေ့ရသဖြင့် အတန်ငယ်စိတ်ပျက်သွားမိ၏။ သို့သော် သူပြောသည့်အတိုင်း မှန်က အခကြေးငွေကို ရက်ရက်ရောရော ပေးမည့်သူ တယောက်ဖြစ်မည်ဟုလည်း စဉ်းစားမိ၏။ အချို့သူများမှာ လူစေးနဲဟုပင် ခေါ်ရသော်လည်း စေးနဲသင့်သည့်နေရာတွင်စေးနဲ၍ ရက်ရောသင့်သည့်နေရာတွင် အခြားသူများထက် ရက်ရောကြောင်း မိမိကိုယ်တိုင်တွေ့ကြုံဘူးခဲ့လေပြီ။

"ခြေဘ်....ဒါထက် သူဌေးမင်း ကျွန်တော့်ကို တိုင်ပင်ချင်တယ်ဆိုတာ ဘာအကြောင်းပါလဲ ခင်ဗျာ"

သူဌေးဦးရွှေဘော်၏ အမူအရာမှာ ရုတ်တရက်ပြောင်းသွားပြီးနောက် ၎င်း၏အသံမှာလည်း အတန်ငယ်နိမ့်သွားပြီးလျှင်....

"ဟုတ်ပါတယ်....ဟုတ်ပါတယ်၊ ကျုပ်ကလဲ ခင်ဗျားဘာပြောမယ်ဆိုတာ၊ ခင်ဗျားဘယ်လိုထင်တယ်ဆိုတာ ကြားချင်လှပါပြီ၊ ကျုပ်က ပိုက်ဆံရှိတဲ့လူဆိုတော့ အခုပြောတဲ့အတိုင်း ဘာမဆိုအကောင်းမှကြိုက်တာဗျို၊ ကျုပ်ပြောပါပြီကော၊ အကောင်းဆုံးဆရာဝန်၊ အကောင်းဆုံးစုံထောက်"

"ကျွန်တော် သူဌေးမင်းပြောတာ နားမလည်သေးပါဘူး ခင်ဗျာ"

"ဟုတ်တယ်လေ၊ ဘယ်နားလည်မလဲ၊ ကျုပ်ကလဲ ဘာမှစပြီး မပြောရသေးဘဲကိုး။ အင်း....ဒါထက် မေးရအုံးမယ်၊ အိပ်မက်များအကြောင်းနဲ့ပတ်သက်လို့ ခင်ဗျားဘာများသိသလဲ"

ဦးထင်ကျော်၏မျက်ခုံးတဖက်မှာ မသိမသာမြင့်တက်သွား၏။ ဤကဲ့သို့ မေးခွန်းမျိုးမှာမည်သည့်အခါမျှ သူမြော်လင့်သော မေးခွန်းမဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ပေဒင်ဆရာတွေ၊ လက္ခဏာဆရာတွေ ရေးထားတဲ့ စာအုပ်တွေ၊ ပြီးတော့ 'အိပ်မက်တိတ္ထုံကျမ်း'တွေ ကြည့်ပေါ့ခင်ဗျာ၊ ဒါကသာ ကောင်းပါတယ်"

"ကျုပ်...ဒီဟာတွေ ကြည့်ပြီးပါပြီ"

သူဌေးဦးရွှေဘော်သည် အသံကို နှစ်ကိုယ်ကြားလောက်အထိနှိမ့်ပြီးနောက် တဖြည်းဖြည်း ပြန်၍မြှင့်လျက်....

"အိပ်မက်ဗျာ....အိပ်မက်၊ တခါထဲ ဒီအိပ်မက်ကညစဉ်ဆက်မက်နေတယ်ဗျ၊ ဟိုဟာမက်လိုက်၊ ဒီဟာမက်လိုက်ဆိုယင် ကိစ္စမရှိပါဘူး၊ အခုတော့ နေ့စဉ်ရက်ဆက် ဒီအိပ်မက်ချည်း ဆက်ဆက်မက်နေတာဘဲ၊ အိပ်မက်က ဘာ အိပ်မက်လဲ သိသလား၊ အိပ်မက် ထဲမှာ ဟိုဘက်က ကျုပ် နေတဲ့ အခန်းထဲက စာရေးစားပွဲမှာ ကျုပ်ကထိုင်လို့၊ နံရံမှာ ကပ်ထားတဲ့နာရီကို လှမ်းကြည့်လိုက်တော့ ၃ နာရီ ၂၀ မိနစ်ရှိပြီ၊ အိပ်မက်မက်လို့ အိပ်မက်ထဲမှာ နာရီကိုကြည့်လိုက်တိုင်း ဒီအချိန်ချည်းဘဲ။ ပြီးတော့ဗျာ အဲဒီအချိန်မှာ ကျုပ်မလုပ်ချင်တဲ့အလုပ်တခုကို လုပ်ရလို့ စိတ်ထဲမှာ မနေနိုင်မထိုင်နိုင် ဖြစ်လာတယ်။ ကျုပ်စိတ်ထဲကတော့ မလုပ်ချင်ဘူးပေါ့၊ လုပ်ရမှာကိုကြောက်လဲသိပ်ကြောက်တယ်၊ နို့ပေမဲ့ လုပ်တော့တာဘဲဗျို"

ဦးရွှေဘော်သည် သူ နောက်ဆုံး ပြောသော စကားများကို တစ်တစ်ခွခွ ပြောချလိုက်၏။

"နေပါအုံးခင်ဗျာ၊ သူဌေးမင်းလုပ်ရတယ်ဆိုတာက ဘာကိုလုပ်ရတာလဲခင်ဗျ"

(ဦးရွှေဘော်က ကွဲအက်သောအသံဖြင့်)

"အဲဒီ ၃ နာရီ ၂၀ မိနစ်အချိန်မှာ ကျုပ်ဟာစာရေးစားပွဲရဲ့ လက်ျာဘက် ဒုတိယအံဆွဲထဲက ကျုပ်ထည့်ထားတဲ့ ခြောက်လုံးပြူးသေနတ်ထုတ်ယူပြီး ပြူတင်းနောက်နားဆီကို လျှောက်သွားတယ်ဗျ၊ ပြီးတော့....ပြီးတော့"

ဦးရွှေဘော်သည် ဤနေရာတွင် သူ၏အသံကို နှစ်ကိုယ်ကြားနှိမ့်ချလိုက်ပြီးနောက်....

"ကျုပ်ကို ကျုပ်ပစ်သတ်လိုက်တယ်ဗျ"

"အဲဒါ သူဌေးမင်း အိပ်မက်ဘဲလား ခင်ဗျာ"

"ဟုတ်တယ်"

"ဒီလိုချည်းဘဲ ညတိုင်းမက်သလားခင်ဗျာ"

"ဟုတ်တယ်၊ ညတိုင်းဆက်မက်တယ်"

"အဲဒီလို ကိုယ့်ကိုယ်ကို ပစ်လိုက်ပြီးတဲ့နောက် ဘယ်လိုဖြစ်သလဲခင်ဗျ"

"လန့်နိုးတာပါဘဲခင်ဗျာ"

"ဒီတော့ မေးပါရစေအုံးခင်ဗျာ၊ဒီအံဆွဲထဲမှာတော့ သူဌေးမင်းရဲ့ ခြောက်လုံးပြူးသေနတ်ကို သိမ်းထားသလား"

"ဟုတ်တယ်"

"ဘာပြုလို့လဲ ခင်ဗျာ"

"ဒါကတော့ ထားနေကျမို့ ထားတာဘဲ ဦးထင်ကျော်၊ အရေးအကြောင်းရှိယင် လွယ်လွယ်ကူကူ လက်လှမ်းမှီအောင်လို့ ထည့်ထားတာပါဘဲ ခင်ဗျာ၊ ကျုပ်လို လူတယောက်



www.burmeseclassic.com

 www.burmeseclassic.com 

အနေနဲ့ အကာအကွယ်ဆိုတာ ရှိမယ်မဟုတ်လားဗျ၊ ပစ္စည်းဥစ္စာ ချမ်းသာတဲ့ လူများမှာ ရန်သူ ရှိတာဘဲ ဦးထင်ကျော်''

ဦးထင်ကျော်သည် ဤပြဿနာကိုဤတွင်ရပ်ဆိုင်း၍ခေတ္တမျှငြိမ်သက်လျက် ရှိနေပြီးနောက်....

''ဒီတော့ ကျွန်တော့်ကို ဘယ်လိုလုပ်ပေးစေချင်လို့ ခေါ်တာပါလဲ ခင်ဗျာ''

''ပြောပါမယ်ဗျာ၊ ပထမ ဒီဟာကို ဆရာဝန်တွေနဲ့ တိုင်ပင်ကြည့်တယ်ဗျ၊ အတိအကျ ပြောရမယ်ဆိုယင် ဆရာဝန် ၃ ယောက် ဆိုပါတော့''

''ဟုတ်ကဲ့အမိန့်ရှိပါအုံး''

''ပထမ ဆရာဝန်ကတော့ ဒါဟာအစာမကြေတဲ့ ရောဂါကို အကြောင်းပြုပြီး ဖြစ်တာလို့ ပြောတယ်၊ အဲဒီဆရာဝန်က အသက်တော်တော်ကြီးပြီ၊ လူကြီးတယောက်ပေါ့ဗျာ၊ ဒုတိယဆရာဝန်က ခေတ်ပညာတတ် လူငယ်ဆိုပါတော့၊ ကျုပ်ငယ်ငယ်တုန်းက ဒီအချိန်မှာ အကြောင်းတခုခုကြောင့် ဒီနာရီကို ကျုပ်ကြည့်ခဲ့ဘူးလို့ ဖြစ်တယ်လို့ ပြောသဗျ၊ ရယ်စရာကောင်းလိုက်လေဗျာ၊ ဟုတ်တယ် မဟုတ်လား၊ တတိယဆရာဝန်ကတော့ သူကလဲ လူငယ်ခေတ်ပညာတတ် ဘိလပ်ပြန် ဆရာဝန် တယောက်ဘဲ၊ သူ့ပြောတာက ကျုပ်ဟာ တခါတုန်းက ဒီအချိန်မှာ ကိုယ့်ကိုကိုယ်ကို သေကြောင်း ကြံစည်ဘူးတဲ့အတွက် ပထမ စိတ်က မသိပေမဲ့ ဒုတိယစိတ်က တိုက်တွန်းလို့ မက်တယ်လို့ ပြောတယ် ဦးထင်ကျော်ရဲ့''

''ဒါဖြင့်ယင် နောက်ဆုံးဆရာဝန်ရဲ့ ထင်မြင်ချက်က သူဌေးမင်းရဲ့ ကောင်းတဲ့စိတ်က မကြံစည်ပေမဲ့ မကောင်းတဲ့စိတ်က တိုက်တွန်းတဲ့အတွက် ဒီလို မက်နေတယ်ဆိုတာပေါ့''

ဦးရွှေဘော်က စူးရှသော အသံဖြင့်....

''အလကား မဟုတ်နိုင်တာဗျာ၊ ကျုပ်ဟာကျန်းမာတယ်၊ပိုက်ဆံရှိတယ်၊ လိုချင်တောင့်တတဲ့ အရာမှန်သမျှလဲရနေတယ်၊အဲဒီလိုအလုပ်အကိုင်မှာအောင်မြင်ပြီး စိတ်ချမ်းသာကိုယ် ချမ်းသာနဲ့နေတဲ့ လူတယောက်က ကိုယ့်ကိုယ်ကို သက်သေမတဲ့လားဗျ၊ စဉ်းစားဘဲ ကြည့်ပါအုံး၊ ဒီလူတွေက မဖြစ် နိုင်တာကွေအလကား လျှောက်ပြောနေတာ၊ သူတို့ပြောတာ ဘာအဓိပ္ပာယ်မှ မရှိဘူး၊ ဒီလိုထင်မြင် ချက်မျိုးပေးတာ အံ့ပါရဲ့ဗျာ''

ဦးထင်ကျော်သည် သူဌေး ဦးရွှေဘော်အား စိတ်ပါဝင်စားစွာ လှမ်းကြည့်လိုက်၏။ ဦးရွှေဘော်၏ လက်များသာမက အသံများပင် တုန်ရီနေသဖြင့် ယင်းအကြောင်းများသည်ပင် ရှေ့နှင့်နောက် မညီညွတ်ဖြစ်ကာ သူ့အား အတန်ငယ် သံသယဖြစ်စေ၏။

''ဒီတော့ ကျွန်တော်က ဘယ်လို အကူအညီ ပေးရမှာလဲ သူဌေးမင်း''

သူဌေးဦးရွှေဘော်သည် သူ၏ လက်ချောင်းကလေးများနှင့် စားပွဲကိုညင်သာစွာ ခေါက်လျက် ရှိရာမှ မျက်နှာကို တင်းလိုက်ပြီးနောက်၊ တည်ငြိမ်အေးဆေးသည့် လေသံဖြင့်....

''အင်း....ဖြစ်နိုင်လောက်တဲ့ အကြောင်းတခုတော့ ရှိတယ်ဗျာ၊ ဒီ လို ဆိုယင် ခင်ဗျား သိမှာဘဲ၊ ခင်ဗျားဟာ နာမည်ကျော် စုံထောက်တယောက်လုပ်နေတာဘဲဗျ၊ ခင်ဗျာ့လက်ထဲမှာ အမှုတွေ အများကြီးရှိတယ် မဟုတ်လား၊ လုပ်သက်ကလဲ ဝါအတော် ရင့်နေပြီဗျာ''

''ဘာကို ကျွန်တော်က သိရမှာလဲခင်ဗျ''



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေဘော်က အသံကို နှိမ့်လျက် တီးတိုးလေသံဖြင့်....

"အကယ်၍ တယောက်ယောက်က ကျုပ်ကို လုပ်ကြံနေပြီ ဆိုပါတော့ဗျာ၊ ဒီလိုဆိုယင် ကျုပ်အခုလိုအိပ်မက်မက်အောင် သူတို့ တတ်နိုင်သလား၊ နေ့စဉ်ရက်ဆက် ဒီအိပ်မက်မျိုးချည်း မက်နေအောင် သူတို့ လုပ်နိုင်သလား"

"စိတ်သို့တဲ့အတတ်ကို သူဌေးမင်းဆိုလိုတာလား"

"ဟုတ်တယ်"

"ဖြစ်မယ်ဆိုယင်လဲဖြစ်နိုင်လောက်တယ်ထင်ပါတယ်ခင်ဗျာ၊ ဒီလိုပြဿနာမျိုးကိုကျွန်တော်တို့ထက် ဆရာဝန်ကပိုပြီး ရှင်းလင်းနိုင်လိမ့်မယ်ထင်ပါတယ်"

"ခင်ဗျား ဒီလောက်အမှုတွေလိုက်နေတာ တခါမှမတွေ့ဘူးဘူးလား"

"အမှန်ပြောရမယ်ဆိုယင် သေသေချာချာရယ်လို့မတွေ့ဘူးပါဘူးခင်ဗျာ"

"ကျုပ်ဘာကိုဆိုလိုတယ်ဆိုတာ ဦးထင်ကျော်သိပြီမဟုတ်လား၊ ကျုပ်ကိုညတိုင်းဒီအိပ်မက်ချည်းမက်အောင်လုပ်လို့ ကျုပ်စိတ်က ဒီဟာကိုချည်း စွဲလန်းလာတဲ့အခါ အိပ်မက်ကနေပြီးတကယ်လုပ်မိရော၊ လူဆိုတာ စိတ်ကပါလွှန်းအားကြီးယင် လက်ကပါ ပါလာဘတ်တယ် မဟုတ်လား ဦးထင်ကျော်ရဲ့၊ ကျုပ်ကိုယ်ကျုပ် ပစ်သတ်မိရောဆိုပါတော့ဗျာ"

ဦးထင်ကျော်သည် ဦးခေါင်းကို အတန်ငယ်ရမ်းလျက်ရှိလေ၏။

"ဦးထင်ကျော်ကမဖြစ်နိုင်ဘူးလို့ထင်သလား"

"ဖြစ်နိုင်ပါတယ်၊ နို့ပေမယ့် ဒီပြဿနာကိုတော့ ဝင်မရှင်းပါရစေနဲ့ခင်ဗျာ"

အတန်ငယ်ဆိတ်ငြိမ်လျက်ရှိနေပြီးနောက် ဦးရွှေဘော်က....

"ခင်ဗျားက မဖြစ်နိုင်ဘူးထင်လို့လား"

"မဖြစ်နိုင်လောက်ပါဘူးခင်ဗျာ"

"အင်း....ဆရာဝန်တွေကလဲ ဒီအတိုင်းပြောတာဘဲဗျ၊ နို့ဘာဖြစ်လို့ဒီအိပ်မက်ချည်းထပ်ခါထပ်ခါမက်ရတာလဲဗျာ၊ ဘာဖြစ်လို့မက်ရတာလဲ"

ဦးထင်ကျော်က ဦးခေါင်းကိုယမ်းလျက်ရှိရာ သူဌေးဦးရွှေဘော်က အသံကိုမြှင့်လျက်

"ခင်ဗျားအမှုတွေလိုက်တဲ့အထဲ ဒါမျိုးတခါမှမတွေ့ဘူးတာအမှန်ဘဲလား"

"တခါမှ မတွေ့ဘူးပါဘူး"

"အဲဒါ ကျုပ်သိချင်တာပါဘဲ"

ထို့နောက် အတန်ကြာ ငြိမ်သက်လျက် ရှိပြန်၏။ ဦးထင်ကျော်သည် လည်ချောင်းမှ ချွဲရှင်းလိုက်ပြီးနောက်....

"ကျွန်တော့်ကို ခွင့်ပြုပါခင်ဗျာ၊ မေးခွန်းတခုမေးပါရစေ"

"ဘာလဲဗျာ၊ မေးပါ မေးပါ၊ ခင်ဗျားကြိုက်တာမေးပါ"

"သူဌေးမင်းကိုသတ်ဖို့ကြံစည်မယ်ဆိုတာ ဘယ်သူ့ကိုထင်သလဲခင်ဗျ"

"ဘယ်သူကိုမှမထင်ပါဘူးခင်ဗျာ၊ ထင်လဲမထင်တတ်ပါဘူး"

"နို့ပေမယ့်၊ ဒီအစွဲကသူဌေးမင်းစိတ်ထဲမှာ အမြဲရောက်နေတယ်မဟုတ်လားခင်ဗျ"

"ကျုပ်ကဒါဟာ ဖြစ်နိုင်လောက်တယ်ဆိုတာ သိချင်တာပါဘဲ ဦးထင်ကျော်"

"ကျွန်တော်ရဲ့လုပ်သက် ကျွန်တော်ရဲ့ ဥာဏ်စွမ်းရှိသလောက် ပြောရမယ်ဆိုယင်တော့ မဖြစ်နိုင်ဘူးလို့ ပြောရမှာဘဲ၊ ဒါထက်စကားမစပ် သူဌေးမင်းကိုယ်တိုင် စိတ်ညို့တာတွေ ဘာကွေ ခံဘူးသလားခင်ဗျ"

"မခံဘူးပါဘူးခင်ဗျာ၊ ကျွန်တော်ဒီလိုကလေးကလားအလုပ်တွေလဲ ဝါသနာမပါပါဘူး"

"ဒီလိုဆိုယင် သူဌေးမင်းရဲ့ ထင်မြင်ယူဆချက်ဟာ မဖြစ်နိုင်ဘူးလို့ အသေအချာဆိုရမှာဘဲ ခင်ဗျ"

"နို့ပေမဲ့ အိပ်မက်က ရှိသေးတယ် ဦးထင်ကျော်၊ အိပ်မက်၊ အိပ်မက်၊ အိပ်မက်"

"ဟုတ်ပါတယ်ခင်ဗျာ၊ အိပ်မက်ကတော့ ထူးဆန်းတာ အမှန်ပါဘဲ၊ ဒါ့ထက် သူဌေးမင်း အခုပြောနေတဲ့ နေရာကို ကျွန်တော် မကြည့်ရဘူးလားခင်ဗျ၊ ကျွန်တော်ပြောချင်တာက စာရေး စားပွဲရယ်၊ အံဆွဲရယ်၊ ခြောက်လုံးပူး သေနတ်ရယ်၊ နာရီကြီးရယ် ဒါပါဘဲခင်ဗျာ"

"ဒါဖြင့် ဟိုဘက်ခန်း သွားကြည့်ရုံပေါ့"

သူဌေး ဦးရွှေဘော်သည် ကုလားထိုင်ကို ခံပ်မှီမှီထိုင်လျက်ရှိရာမှ ခါးကို ခပ်မတ်မတ် ပြင်လိုက်ပြီးလျှင် သူ၏ ကုတ်အင်္ကျီကို လက်နှစ်ဘက်ဖြင့် ဘိုသိဘတ်သိမ့်ပွေ့ကာ နေရာမှ ထမည် ကဲ့သို့ပြုလိုက်၏။သို့သော် တစုံတရာကို အမှတ်ရသည့်ဟန်ဖြင့် ရုတ်တရက် စိတ်ပြောင်းသွားသကဲ့သို့....

"ဟာ....ဘာကြည့်ဘို့ လိုသေးသလဲဗျာ...."

"ပြောစရာရှိတာ ကျုပ် အခု အကုန် ပြောပြီးမှာဘဲဗျ"

"ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင် မျက်စိနဲ့ ထပ်ကြည့်ချင်သေးတာကိုးခင်ဗျ"

"မလိုပါဘူးဗျာ၊ အင်း....ဒီတော့ ခင်ဗျားရဲ့ ထင်မြင်ချက်ကိုလဲ အခုပေးပြီးပြီ ကိစ္စက ဒါပါဘဲ...."

ဦးထင်ကျော်သည် ကိုယ်ကို အတန်ငယ်တွန့်လိုက်ပြီးနောက် နေရာမှထကာ....

"ဒါတော့ သူဌေးမင်းသဘောပါဘဲ ခင်ဗျာ၊ အခုလိုလာပြီးမှ ကျွန်တော် ဘာအကူအညီမှ မပေးနိုင်တာ ဝမ်းနည်းပါတယ်"

သူဌေးဦးရွှေဘော်သည် ဦးထင်ကျော်၏ မျက်နှာကို စိုက်၍ကြည့်ပြီးနောက်....

"ဒါတွေ ပြောနေဘို့ မလိုပါဘူးဗျာ၊ ကျုပ်ကလဲ ခင်ဗျာ့ကို ဖြစ်ပျက်သမျှ အကျိုး အကြောင်း အကုန်ဖွင့်ပြောပြီးမှဘဲ၊ ခင်ဗျားလဲ ဘာမှမတတ်နိုင်ဘူး၊ဒီတော့ အခုကိစ္စဟာ ဒီမှာဘဲ အဆုံးသတ်ပြီ ဆိုကြပါစို့၊ ကဲလေ....ဦးထင်ကျော် အခုခေါ်ပြီး တိုင်ပင်တဲ့အတွက် အဖိုးအခ ဘယ်လောက်ကျတယ်ဆိုတာ 'ဘီလ်' လုပ်ပြီး ကျုပ်ဆီ ပို့လိုက်ပေတော့"

"ဒီအတွက်တော့ စိတ်ချပါ၊ ပို့လိုက်ပြီးသားပါဘဲ"

ဦးထင်ကျော်သည် တံခါးရှိရာသို့ လျှောက်သွားလေရာ၊ ဦးရွှေဘော်က....

"နေပါအုံး ဦးထင်ကျော် ကျုပ်စာကလေးတစ်ဆိတ်လောက် ပြန်ပေးပါအုံးဗျာ"

"ဘယ်စာလဲခင်ဗျ၊ ဩော်....ဦးမင်းရဲ့ စက္ကရီတေရီဆီက ပို့လိုက်တဲ့ စာလား"

"ဟုတ်တယ်...."



www.burmeseclassic.com

www.burmeseclassic.com



ဦးထင်ကျော်၏ မျက်ခုံးတဘက်သည် အပေါ်သို့ မြင့်တက်သွား၏။ လက်တဘက်ကို အင်္ကျီအိတ်ထဲသို့ နှိုက်လိုက်ပြီးလျှင် စက္ကူခေါက်ကလေးတခုကို ထုတ်ယူ၍ အဖိုးကြီးအား ပေးလိုက်၏။ ဦးရွှေဘော်သည် စာရွက်ခေါက်ကလေးကို အပေါ်ယံ ကြည့်သည်ဆိုရုံမျှ ကြည့်ပြီးလျှင် ဦးခေါင်းကို အတန်ငယ်ညိတ်လိုက်ပြီးနောက် စာခေါက်ကလေးကို စားပွဲပေါ်၌ တင်ထားလိုက်လေသည်။

ဦးထင်ကျော်သည် တံခါးရှိရာသို့ လျှောက်သွားပြန်ရာ၊ စိတ်ထဲတွင် တစုံတရာကို စဉ်းစားလျက်ရှိ၏။ ပထမ ဝေခွဲ၍ မရသော်လည်း ချက်ချင်းပင်သူ၏ ဦးနှောက်ထဲသို့ အလင်း ရောင်တခု ဝင်လာရာ တံခါးကိုဖွင့်မည်ပြုပြီးမှ တစုံတရာ ပြုလုပ်လိုသည်နှင့် ဦးရွှေဘော်၏ စားပွဲရှိရာသို့ ပြန်လာခဲ့ပြန်လေသည်။

"ကျွန်တော် သတိမေ့သွားတယ်ခင်ဗျာ၊ ကျွန်တော် မှားသွားတယ်သူဌေးမင်း တောင်းပန်ပါတယ်ခင်ဗျာ၊ ဒီလိုမှားရတာဟာလဲ ဦးမင်းရဲ့ ပြဿနာကို စိတ်ဝင်စားလွန်းလို့ ဖြစ်ရတာခင်ဗျာ၊ ဘာလဲဆိုတော့ လက်ဝဲဘက် အိတ်ထဲကို နှိုက်ရမဲ့အစား၊ လက်ျာဘက်အိတ်ထဲကို အမှတ်တမဲ့ နှိုက်ပြီး စာကို မှားပေးမိတာပေါ့ခင်ဗျာ"

အလွန်အံ့ဩသည့်ဟန်ဖြင့်....

"ဘာလဲဗျ၊ ဘာလဲ ဘာဖြစ်တာလဲ ဦးထင်ကျော်"

"ကျွန်တော် အခုပေးတဲ့စာဟာ စက္ကရီတေရီက ပေးလိုက်တဲ့ စာမဟုတ်ဘူးခင်ဗျ၊ ကျွန်တော့် မိတ်ဆွေတယောက်ဆီကို ပေးမယ်လို့ ရေးထားတဲ့ စာဖြစ်နေတယ်၊ တောင်းပန်ပါတယ်ခင်ဗျာ၊ ကျွန်တော်ဒီလို မှားသွားတာ အများကြီးတောင်းပန်ပါတယ်"

ဦးထင်ကျော်သည် တောင်းပန်လိုသည့် မျက်နှာနှင့် အတန်ငယ် ပြုံးလိုက်ကာ သူ၏အင်္ကျီ လက်ဝဲဘက် အိတ်ထဲသို့ တဖန်နှိုက်ပြီးလျှင် စာခေါက်ကလေးတခုကို ထုတ်ယူပြီးနောက်....

"ဦးမင်းရဲ့ စာက ဒီမှာခင်ဗျ"

ဦးရွှေဘော်သည် သူ၏ကြုံလှီသောလက်ဖြင့် စာကို အတင်းဆွဲယူလိုက်ပြီးလျှင်....

"တယ်ခက်တဲ့လူဘဲ၊ ခင်ဗျား ဒီလောက်မှ သတိမထားဘဲကိုးဗျ"

ဦးထင်ကျော်သည် ပထမပေးခဲ့သော စာရွက်ခေါက်ကလေးကို ဆွဲယူပြီးလျှင် အိတ်ထဲသို့ ထည့်ကာ ဦးရွှေဘော်အား ဦးခေါင်းကိုညွတ်သည်ဆိုရုံမျှ ညွတ်လိုက်၏။ ထိုနောက် တံခါးရှိရာသို့ တည့်တည့်ကြီး လျှောက်သွားပြီးနောက် တံခါးကို ဖွင့်၍ ထွက်သွားလေ၏။

အောက်ထပ်သို့ ရောက်သောအခါ ဦးထင်ကျော်သည် ကျယ်ဝန်းကြီးမားသော အဆောက်အဦကြီးကို ကြည့်ရှုလျက်ရှိ၏။ အောက်ခန်းမှာ စာဖတ်ခန်းဖြစ်၍ အလယ်စားပွဲကြီးပေါ်တွင် သတင်းစာနှင့် မဂ္ဂဇင်းများ စုပုံလျက်ရှိရာ၊ တံခါးဖွင့်ပေးသော အစေခံကိုလည်း တနေရာ၌ပင် တွေ့ရလေသည်။ ထိုအခါ အစေခံက ဦးထင်ကျော်အား အရိုအသေပေးလျက်....

"ကျွန်တော် ကားခေါ်ပေးရမလားဆရာ"

"နေပါစေကွာ၊ ကိစ္စမရှိပါဘူး၊ လသာသားဘဲ ငါခြေလျင်ဘဲ လျှောက်သွားပါ့မယ်"

ဦးထင်ကျော်သည် လမ်းကြားကလေးမှ ထွက်ခဲ့ရာ တိုက်၏ လက်ျာဘက် ဘေးတွင်ရှိသော ဂိုဒေါင်ကြီး၏ မြင့်မားသော နံရံကြီးကိုပင် ပြန်၍ကြည့်မိသေး၏။ ထို့နောက် လမ်းမကြီးပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ အနောက်ဘက်သို့ကွေ့ပြီးလျှင် လူသွားလမ်း ပလက်ဖောင်းမှ ကရိုလမ်းသို့ ခပ်ဖြည်းဖြည်း လျှောက်ခဲ့လေသည်။ ဤသို့ လမ်းလျှောက်ယင်း....

"အင်း....ဘာကိုဆိုတာလဲမသိဘူး၊ ဘာလဲဆိုတာ စဉ်းစားလို့ကို မရဘူး၊အဓိပ္ပာယ်လဲမရှိဘူး"

ဟု စိတ်ထဲက ရေရွတ်လျက်ရှိလေသည်။

ယင်းသည်ကား သူဌေး ဦးရွှေဘော်၏ အမှုတွင် ပထမကဏ္ဍမျှသာ ဖြစ်၍ ရှေ့တွင်ဆက်လက် ဖော်ပြမည့်အကြောင်းများမှာ ၎င်း၏ ဒုတိယကဏ္ဍ ဖြစ်လေသည်။

* * *

နောက်ရက်သတ္တပတ်ခန့် ကြာသောအခါ တနေ့သော ညဉ့်နေဝင်ရီသရောအချိန် သာသာ လောက်တွင် ဒေါက်တာ ဦးအေးကျော်ဆိုသူထံမှ ဦးထင်ကျော်သည် တယ်လီဖုန်းသတင်းတခု ရရှိ လေသည်။

"ဟုတ်ကဲ့ ကျုပ် ဒေါက်တာ အေးကျော်လေ၊ဘယ့်နှယ်လဲ စုံထောက်ကြီး နေကောင်းရဲ့လား ဦးထင်ကျော်"

"ဟုတ်ကဲ့၊ နေကောင်းပါတယ်၊ ခင်ဗျားလဲ မတွေ့ရတာ ကြာပြီကော ကိုအေးကျော်"

"ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်တို့ အစိုးရလခစားဆိုတော့ ပေးထားတဲ့ အချိန်ကိုလဲ တိတိကျကျ လုပ်ရတယ်၊ ပြီးတော့ မကိုလမ်းကဆေးတိုက်ကလေး တတိုက်မှာလဲ ညနေခင်း တာဝန် ယူထားတော့ အားနိုင်တယ်တဲ့ မရှိပါဘူးဗျာ၊ ရုပ်ရှင်ကလေး ဘာလေးကြည့်ဘို့တောင် အချိန် မရဘူးဗျို့၊ ဒြေဒ်ါထက် ခင်ဗျားကို သတင်းတခု ပေးမလို့ဘဲ"

"ဘာသတင်းများလဲဗျ၊ ပြောစမ်းပါအုံးကိုအေးကျော်"

"အခုကျုပ်စကားပြောနေတာ သော်မဆင်ရိပ်သာက စက်သူဌေးဦးရွှေဘော်တိုက်ကနေပြီး ပြောနေတာဗျ"

"ဘာဗျ....ဦးရွှေဘော် ဟုတ်လား"

"ဟုတ်တယ်ဦးထင်ကျော်၊ သော်မဆင်ရိပ်သာက သူဌေးဦးရွှေဘော်ဆိုတာ သိတယ်မဟုတ် လား၊ ဦးရွှေဘော်သေရှာပြီဗျ ဒီကနေ့ ညနေ ခပ်စောစောကဘဲ သူ့ကိုယ်သူသေနတ်နဲ့ ပစ်သတ် လိုက်တယ်"

"အော်....ဟုတ်လား"

"ဟုတ်တယ် .. ခင်ဗျားတော့ အံ့သြမလား မအံ့သြဘူးလားမသိဘူး၊ သူ့အကြောင်း ခင်ဗျားနဲနဲပါးပါးသိတယ်ကြားလို့"



www.burmeseclassic.com

www.burmeseclassic.com



"နေပါအုံး၊ ခင်ဗျားက ကျုပ်ကိုဘာဖြစ်လို့သိတယ်ထင်ရတာလဲ"

"လောဂျစ်ပညာအရ 'ဗိဒပ်ရှင်း' တို့တယ်လီပက်သီတို့နဲ့ကြည့်လို့သိတာပေါ့ဗျ၊ ဟား...ဟား လွန်ခဲ့တဲ့တပတ်လောက်က ရက်စွဲနဲ့ သူဌေးဦးရွှေဘော်က ခင်ဗျားကိုစာရေးပြီးခေါ်တဲ့ စာကလေး တစောင်တွေ့ရတယ်၊ ဒါကြောင့်သိတာပါ"

"အော်...ဟုတ်လား"

"အခုဒီမှာ အမှုလိုက်အင်စပိတ်တော်တယောက်လဲရှိနေတယ်ဦးထင်ကျော်၊ ဒီတော့ ခင်ဗျား အားလိုလျှောက်လာနိုင်ယင် ဒီအမှုမှာနဲနဲပါးပါးအကူအညီလေးများရမလားလို့ဗျ၊ အင်စပိတ်တော် မင်းကလဲခင်ဗျားနဲ့ တွေ့ချင်ပါသတဲ့"

"ကောင်းပါပြီဗျာ၊ ကျုပ်အခုဘဲလာခဲ့ပါ့မယ်"

နောက် ၁၅ မိနစ်ခန့်ကြာသောအခါ ဦးထင်ကျော်သည် သူဌေးဦးရွှေဘော်တိုက်အောက် ထပ်ရှိ စာကြည့်ခန်းကလေးအတွင်းတွင် ရောက်ရှိလျက်ရှိလေ၏။ အခန်းအတွင်း၌ အခြားသူ ၅ ယောက်ကို တွေ့ရ၏။ တယောက်မှာအမှုလိုက် အင်စပိတ်တော် ဦးစိန်မောင်ဖြစ်၍ ဒုတိယ လူမှာ ဆရာဝန် ဦးအေးကျော်ဖြစ်၏။ အမျိုးသမီးနှစ်ယောက်အနက် တယောက်မှာ ဦးရွှေဘော်၏ ဇနီး ဒေါ်မြမေဖြစ်၍ ကျန်အမျိုးသမီးတယောက်မှာ ဦးရွှေဘော်၏ သမီးညွန့်ညွန့်ရွှေဖြစ်၏။နောက်ဆုံး လူမှာ ဦးရွှေဘော်၏ အလုပ်အကိုင်အားလုံးကို လုပ်ကိုင်အောင်ရွက်ရသူ ၎င်း၏ အတွင်းရေးမှူး (စက္ကရီတေရီ)ကိုမြင့်မောင်ဆိုသူဖြစ်လေသည်။

အမှုလိုက်အင်စပိတ်တော် ဦးစိန်မောင်မှာ ခွန်အားဗလကောင်း၍ အ ရုပ် ထောင် ထောင် မောင်းမောင်းရှိပြီးလျှင် တကယ်ပင်ပုလိပ်နှင့်တူသူအရာရှိတယောက်ဖြစ်၏။ ဆရာဝန်ဦးအေးကျော် မှာ အသားလတ်လတ်မျက်နှာသွယ်သွယ်ရှိပြီးလျှင် ဖော်ရွေသော သွင်ပြင်မူယာရှိ၏။သူဌေးကတော် ဒေါ်မြမေမှာ ခင်ပွန်းဖြစ်သူ ဦးရွှေဘော်ထက် နှစ်ပေါင်းများစွာ ငယ်ရွယ်သူဖြစ်ပြီးလျှင်ရုပ်ရည် သနားကမားနှင့် ယဉ်စစရှိသူ မိန်းမတယောက်ဖြစ်၍ အသက်မှာ ၃၅နှစ်ထက်ပို၍ဦးမည်မဟုတ်ပေ။

သမီးဖြစ်သူ ညွန့်ညွန့်ရွှေမှာ အသက် ၂၀ ခန့်ရှိမည်ဟု ခန့်မှန်းပြီးလျှင် ချွန်ထက်သော နှာခေါင်းနှင့်မေးစေ့တို့မှာဖခင်၏အမွေအနှစ်ကဲ့သို့ပင်ဖြစ်တော့၏။ရုပ်ရည်အားဖြင့်အတော်အသင့်မျှ ချောမောလှပပြီးလျှင် သွက်လက်ချက်ချာသောအမျိုးသမီးတယောက်ဖြစ်ဟန် တူပေသည်။ စက္ကရီ တေရီ ကိုမြင့်မောင်မှာ အသက် ၄၀ ကျော်ကျော်မျှရှိပြီဖြစ်၍ နှာခေါင်းချွန်းချွန်း မေးချွန်းချွန်း နှင့် မျက်လုံးများမှာလည်း ကြီးကန်း၏မျက်လုံးများကဲ့သို့ဂဏှာမငြိမ်သောမျက်လုံးများရှိသူဖြစ်၏။ အဝတ်အစားကိုမူ စတိုင်ကျကျဝတ်ဆင်ထားလေသည်။

ဆရာဝန်ဦးအေးကျော်ကအားလုံးနှင့်မိတ်ဆက်ပေးသဖြင့်ဦးထင်ကျော်သည်ဦးရွှေဘော်ထံသို့ လွန်ခဲ့သောတပတ်လောက်က မည်သို့မည်ပုံမိမိရောက်ခဲ့သည့် အကြောင်းများကို ပြောဆိုလျက်ရှိ၏။ ဦးရွှေဘော်၏အတွင်းရေးမှူး ကိုမြင့်မောင်က သူဌေးအမိန့်ဖြင့် ဦးထင်ကျော်အားစာရေး၍ ခေါ် ရသည့်အကြောင်းများကိုပါ ပြောပြလေသည်။

ထိုအခါ အင်စပိတ်တော် ဦးစိန်မောင်က....



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ဗျာ၊ အမှုကတော့ တော်တော်ထူးဆန်းတဲ့အမှုဘဲ အိပ်မက်...အိပ်မက်၊ ဒါထက် တဆိတ် ကျွန်နော် မေးပါရစေအုံး၊ ဒေါ်မြမေကကော၊ ဒီအိပ်မက်အကြောင်းနဲ့ ပတ်သက်လို့ ဘာများသိပါသလဲခင်ဗျာ"

ဒေါ်မြမေသည် ကုလားထိုင်ကို ရှေ့သို့ဆွဲလိုက်ပြီးလျှင် အတန်ငယ်ဦးခေါင်းကို ငုံ့လျက်....

"ကျမဘာမှမသိပါဘူးရှင်၊ ကျမယောကျ်ားကတော့ ပြောပါတယ်၊ ဒီဟာအတွက် သူဟာ စိတ်အတော်ထိခိုက်နေတယ်ရှင့်၊ ကျမ....ကျမကလဲ ဒါဟာ အစာမကြေတဲ့အတွက် ဖြစ်တာပါလို့ ပြောမိတယ်။ ဒါကြောင့်လဲ သူဟာ ဟောဒီက ဒေါက်တာဦးအေးကျော်နဲ့သွားပြီး တိုင်ပင်ဘို့ ပြောတာပါဘဲရှင်"

ထိုအခါ ဦးအေးကျော်က ခေါင်းကိုယမ်းလျက်....

"သူ ကျွန်တော့်ဆီကို မလာပါဘူးခင်ဗျာ၊ ဦးထင်ကျော်ပြောလို့သာ သူဟာမဂိုလမ်းက ဆရာဝန်တွေဆီသွားတယ်လို့ ကျွန်တော်သိရတာပါ"

"ဒီနေရာမှာ ဦးအေးကျော်ရဲ့ အကြံဉာဏ်ကို ကျွန်တော်သိလိုပါတယ်ခင်ဗျာ၊ ဦးရွှေအောင် ပြောတာက သူဟာ စပယ်ရှယ်လစ် သုံးယောက်နဲ့ တိုင်ပင်တယ်လို့ပြောပါတယ်၊ ဦးအေးကျော် သဘောအရ ဒီဟာ ဘယ်လိုပါလဲခင်ဗျာ"

(ဦးအေးကျော်က အတန်ငယ်မျက်မှောင်ကြုတ်လျက်)

"အခက်သားကလားခင်ဗျာ၊ ဦးထင်ကျော်ကို သူကပြောတာလဲပြောတာဘဲ၊ သူပြောသမျှ သာ ဦးထင်ကျော်ကြားရတာကိုးခင်ဗျ၊ ဒါဟာ သူ့ကို ဆရာဝန်တွေကပြောတဲ့အတိုင်း တိတိကျကျ ဟုတ်ချင်မှလဲ ဟုတ်မှာ၊ သူပြောတာက ရိုးရိုးအရပ်သားတယောက် နားလည်တဲ့အတိုင်း ပြောတာ ဖြစ်မှာဘဲ"

"သူပြောတာ မမှန်ဘူးလို့ ဒေါက်တာက ဆိုလိုတာလား"

"ဒီလိုမဆိုလိုပါဘူးခင်ဗျာ၊ ဆရာဝန်ပြောတာက သူတို့ရဲ့ဆေးအတတ်ပညာအရပြောတယ်၊ ဒီဟာကိုဘဲ အရပ်သားတယောက်အနေနဲ့ နဲနဲတမျိုးတမည်နားလည်ချင်မှ နားလည်မယ်၊ ဒီဟာကိုဘဲ သူကနောက်တယောက်ကိုပြန်ပြောတော့ မူလဆရာဝန်ပြောတဲ့အတိုင်း အတိအကျဖြစ်ချင်မှဖြစ်မယ်။ ဒါကို ကျွန်တော်ဆိုလိုတာပါ"

"ဒါဖြင့် ကျုပ်ကိုပြောတာဟာ သူ့ကိုဆရာဝန်တွေက ပြောလိုက်တဲ့အတိုင်း အမှန်မဟုတ်ဘူးဆိုပါတော့"

"ဒီလိုဖြစ်ချင်ဖြစ်မှာဘဲခင်ဗျ၊ ကျွန်တော်ပြောတာ ဦးထင်ကျော်သဘောပေါက်ပါလိမ့်မယ်"

(ဦးထင်ကျော်က စဉ်းစားသည့်ဟန်ဖြင့် ဦးခေါင်းညိတ်လျက်) "ဒါထက် ဘယ်ကဆရာဝန်တွေဆီသွားပြီး သူတိုင်ပင်တယ်တယ်ဆိုတာ သိကြသလားခင်ဗျ"

သူ့မေးကတော် ဒေါ်မြမေက ဦးခေါင်းကိုယမ်းလျက်ရှိရာ သမီးဖြစ်သူ ညွှန့်ညွှန့်ရွှေက....

"သူဘယ်ဆရာဝန်နဲ့ တိုင်ပင်တယ်ဆိုတာ ကျမတို့အားလုံးဘဲ မသိကြပါဘူးရှင်"

"သူ့အိပ်မက်အကြောင်းကိုကော မိန်းကလေးကိုပြောသေးသလား"

"မပြောပါဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဦးထင်ကျော်လည်း သူဌေးဦးရွှေဘော်၏ အတွင်းရေးမှူး ဦးမြင့်မောင်ဘက်သို့ လှည့်၍....

"ခင်ဗျားကိုကော ဦးရွှေဘော်က ဘာများပြောသေးသလဲ ကိုမြင့်မောင်"

"မပြောပါဘူးခင်ဗျာ၊ ဘာမှမပြောပါဘူး၊ စာကို သူကကြောင်းပေးတဲ့အတိုင်း ကျွန်တော်က ရေးလိုက်တာပါဘဲ၊ ဦးထင်ကျော်နဲ့ ဘာကိုတိုင်ပင်ချင်တယ်ဆိုတာ ကျွန်တော်မသိရပါဘူး၊ အလုပ်အကိုင်နဲ့ပတ်သက်လို့ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေတဲ့ ကိစ္စတွေတိုင်ပင်ချင်လို့များ ခေါ်သလား လို့ ကျွန်တော်ထင်မိပါတယ်"

"ကဲ....ဒီတော့ သူဘယ်နည်း ဘယ်ပုံသေတယ်ဆိုတာ အင်စပိတ်တော်မင်းက အမိန့်ပါအုံး ခင်ဗျာ"

"ကျွန်တော်စစ်ဆေးလို့ သိရသလောက်တော့ ဒီလိုပါခင်ဗျာ၊ဦးရွှေဘော်ဟာ အပေါ်ထပ် သူ့ အခန်းထဲမှာ ညနေတိုင်း အလုပ်လုပ်လေ့ရှိတယ်ဗျ၊ သူ့ရဲ့အလုပ်လက်ရှိ အခြေအနေ ကတော့ နိုင်ငံခြားက ကုမ္ပဏီကြီးတခုနဲ့ ပေါင်းစပ်ပြီး လုပ်ဘို့ ရည်ရွယ်တယ် ဆိုတာသိရတယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဦးရွှေဘော်ဟာ သတင်းစာတိုက်ကြီး နှစ်တိုက်က သတင်းထောက် နှစ်ယောက်ကို စကားလက်ခံပြောဘို့ သဘော တူလိုက်ပါတယ်။ ဒီလိုကိစ္စမျိုးကို သူအင်မတန် လုပ်ခဲ ပါတယ် ဆိုပါတော့ ခင်ဗျာ၊ ၅ နှစ်မှ တကြိမ်လောက်၊ ဒါနဲ့ အဲဒီက သတင်းထောက် နှစ်ယောက် နဲ့တွေ့ဘို့ ၃ နာရီ ၁၅ မိနစ်မှာ ချိန်းထားတယ်ခင်ဗျ၊ ဒါနဲ့ သတင်းထောက် နှစ်ယောက်ဟာ ဒီအချိန်ရောက်လာပြီး ဦးရွှေဘော်အခန်းရှိတဲ့ ပထမထပ် အပြင်ဝရံတာဘက်မှာ စောင့်နေတယ်၊ အဲဒီနေရာဟာ ဦးရွှေဘော်နဲ့တွေ့ချင်တဲ့လူတွေ စောင့်နေကျ နေရာပါဘဲခင်ဗျာ၊ ဒါနဲ့ ၃ နာရီ ၂၀ မိနစ်မှာ နိုင်ငံခြားကုမ္ပဏီရဲ့ ကိုယ်စားလှယ်တဦးရောက်လာပြီး သူဌေးနဲ့အခန်းထဲမှာ စကား ပြောသေးသတဲ့ခင်ဗျ၊ အထဲမှာ ဦးရွှေဘော်နဲ့ ခဏစကားပြောပြီးတဲ့နောက် ဧည့်သည်ပြန်သွားတဲ့ အခါ၊ ဦးရွှေဘော်က အပြင်တံခါးပေါက်အထိ လိုက်ပို့သတဲ့ခင်ဗျ၊ ဒီတော့မှ အပြင်မှာထိုင်စောင့် နေတဲ့ သတင်းထောက်နှစ်ယောက်ကို သူမြင်ပြီး မိတ်ဆွေတို့ အခုလို ထိုင်စောင့်နေရတာ အားနာပါ တယ်ဗျာ၊ နို့ပေမဲ့ ကျုပ်မှာ အင်မတန်အရေးကြီးတဲ့ကိစ္စတခုကရှိနေတော့ စောင့်လက်စနဲ့ဆက်ပြီး ခဏစောင့်ကြဘို့ တောင်းပန်ရမှာဘဲ၊ ကျုပ် မြန်နိုင်သမျှမြန်အောင် လုပ်ပါ့မယ်ဟု ပြောပြီး သူ့ အခန်းထဲသို့ ပြန်ဝင်သွားသတဲ့ခင်ဗျ၊ သတင်းထောက် နှစ်ယောက်လဲ ကိစ္စမရှိပါဘူး၊ ဦးမင်း အလုပ်ပြီးမှ ကျွန်တော်တို့ တွေ့ဘို့စောင့်နေပါ့မယ်လို့ ပြောပြီးတဲ့နောက် သူ့ အခန်းထဲ ပြန်ဝင် သွားတာကိုးခင်ဗျ၊ ဒီနောက် သူ့ကို အသက်ရှင်လျက် မတွေ့ရတော့ပါဘူးတဲ့ခင်ဗျာ"

"ကဲလေ....ဆက်ပါအုံး"

ထို့နောက် အမှုလိုက် အင်စပိတ်တော် ဦးစိန်မောင်ကဆက်၍....

"ဒီနောက် အတွင်းရေးမှူး ကိုမြင့်မောင်က သူ့ အခန်းထဲကထွက်လာပြီး သူဌေးဦးရွှေဘော် အခန်းကို ကူးမယ်လုပ်တော့ တံခါးရှေ့ ဝရံတာက ခုံရှည်ပေါ်မှာ သတင်းထောက်နှစ်ယောက် ထိုင်နေတာကိုမြင်ရတာကိုးခင်ဗျ၊ သူလည်း သူဌေးအခန်းထဲကို လက်မှတ်ထိုးရအောင်လဲတကြောင်း၊



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှာသတင်းထောက်နှစ်ယောက်နေတာ သတိပေးရအောင်လည်းတကြောင်း၊ ဦးရွှေဘော် အခန်းထဲကိုဝင်သွားသတဲ့ခင်ဗျ၊ ဒါနဲ့ အခန်းထဲရောက်တော့ ဦးရွှေဘော်ကို အခန်းထဲမှာ ပထမ မတွေ့ရတော့ အံ့အားသင့်သွားတယ်၊ ဒီနောက် သူလဲ ဟိုဟိုဒီဒီကြည့်တော့မှ မြူတင်းပေါက်နား မှာရှိတဲ့ ကုလားထိုင်တလုံး အောက်ကခြေထောက်နှစ်ချောင်း အပြင်ကိုထွက်နေတာမြင်ရတာကိုး ခင်ဗျ၊ သေသေချာချာကြည့်တဲ့အခါကျမှ သူ့ဌေးဦးရွှေဘော်ဟာ ကော်ဇောပေါ်မှာ လဲကျပြီး သေနေတာတွေ့ရပါသတဲ့ခင်ဗျာ၊ အလောင်းနံဘေးမှာလဲ ခြောက်လုံးပြူး သေနတ် တွေ့ရတယ်၊ ဒါနဲ့ ကိုမြင့်မောင်ဟာ အခန်းထဲကထွက်လာပြီး မင်းစေလုပ်တဲ့ 'ကိုသူတော်' ကိုခေါ်ပြီး ချက်ချင်းဘဲ ဆရာဝန် ဦးအေးကျော်ကို တယ်လီဖုန်း အဆက်ခိုင်းတယ်၊ ဒီနောက် ဆရာဝန်ဦးအေးကျော်ရဲ့ အကြံပေးချက်အတိုင်း ပုလိပ်ဘက်ကို တယ်လီဖုန်းနဲ့ အကြောင်းကြားတာကိုးခင်ဗျ"

ထိုအခါ ဦးထင်ကျော်က....

"သေနတ်သံကော....မကြားဘူးတဲ့လားခင်ဗျ"

"မကြားပါဘူး၊ ပြီးတော့လဲ ဒီအချိန်လောက်မှာ လမ်းကလဲ မော်တော်ကား အသွား အလာတွေ အင်မတန်ရှုပ်တယ်၊ အပြင်ဘက်မြူတင်းပေါက်ကလဲဖွင့်ထားတယ်ဆိုတော့ မကြားနိုင် ပေဘူးပေါ့ခင်ဗျာ"

ထိုအခါ ဦးထင်ကျော်လည်း ဦးခေါင်းကို အသာအယာညိတ်လျက်ရှိလေသည်။

"ဘယ်အချိန်လောက်မှာ သူသေတယ်လို့ ထင်ရသလဲဗျ"

ထိုအခါ ဆရာဝန် ဦးအေးကျော်က....

"ကျုပ်ရောက်တော့ ၄နာရီ ၃၂မိနစ်ရှိပြီ။ သေတာက ကျုပ်မရောက်ခင် တနာရီလောက်က တူတယ်လို့ ခန့်မှန်းရတာ ဦးထင်ကျော်"

ဦးထင်ကျော်၏ မျက်နှာမှာအလွန်အမင်းစဉ်းစားနေသည့်ဟန်နှင့် အတော်ပင်ရင့်ကျက်လျက် ရှိလေသည်။ ထို့နောက်....

"ဒါဖြင့် ဦးရွှေဘော်သေတဲ့ အချိန်ဟာ သုံးနာရီခွဲလောက် ၃ နာရီ ၂၀ မိနစ်လောက် ဖြစ်မှာပေါ့"

"ဟုတ်ပါတယ် ဦးထင်ကျော်၊ ဒီအချိန်ပါဘဲ"

"ဒါထက် သေနတ်ပေါ်မှာ လက်ရာများမတွေ့ရဘူးလား"

"တွေ့ရပါတယ်"

"သေနတ်ကကော ဘယ်သူ့သေနတ်လဲ"

ထိုအခါ စုံထောက် အမှုလိုက် အင်စပက်တော် ဦးစိန်မောင်က....

"သေနတ်ကတော့ သူ့စာရေးခုံရဲ့ လက်ျာဘက် ဒုတိယထပ်အံဆွဲထဲမှာ ထည့်ထားတဲ့ သေနတ်ဘဲဗျ။ သူ့သေနတ်ဖြစ်တဲ့အကြောင်းလဲ သူဌေးကတော်က အတိအကျသက်သေခံပါတယ်။ ပြီးတော့ ဦးထင်ကျော်မြင်တဲ့အတိုင်း အခန်းမှာ ဝင်တဲ့အပေါက်ကလဲ တံခါးပေါက် တပေါက်ဘဲ ရှိတယ်။ တံခါးပေါက်နဲ့ မျက်နှာ ချင်း ဆိုင် ထိုင်ခုံပေါ်မှာလဲ သတင်းထောက်နှစ်ယောက်က သူဌေးနဲ့တွေ့ရအောင်စောင့်ပြီးနေတယ်။ ပြီးတော့ ဒီအချိန် ဒီအခါမှာလဲ ဦးရွှေဘော်အခန်းထဲကို

www.burmeseclassic.com



ဘယ်သူမှ ဝင်တာထွက်တာမတွေ့ရဘူး။ သူ့အတွင်းရေးမှူး ကိုမြင့်မောင်တယောက်ဘဲ လေးနာရီ ကျော်ကျော်လေးမှာ ဝင်သွားတာကိုးခင်ဗျ"

"ဒါဖြင့် သူဌေးဦးရွှေဘော်ဟာ သူ့ကိုယ်သူ သေနတ်နဲ့ ပစ်သတ်တယ်ဆိုတာ အတော် ခိုင်လုံနေတာပေါ့"

"ခိုင်လုံပါတယ်ခင်ဗျာ၊ နို့ပေမဲ့ အချက်တချက်တော့ရှိတယ်"

"ဘယ်လိုအချက်လဲဗျ"

"အကြောင်းကတော့ ဦးထင်ကျော်ဆီကို ရေးလိုက်တဲ့ စာဘဲဗျ"

ထိုအခါ ဦးထင်ကျော်က အတန်ငယ်ပြုံးရယ်လိုက်ပြီးလျှင်....

"အင်း....ကျုပ်ဆီကိုရေးလိုက်တဲ့စာဟာ့န်သမျှ လူသတ်မှုနဲ့ ဆက်သွယ်နေတာချည်းဘဲကိုးဗျ"

"ဟုတ်တာပေါ့ခင်ဗျာ"

ဦးထင်ကျော်သည် သူဌေးကတော်ဘက်သို့ လှည့်ပြီးနောက်....

"ဒါထက် ညီမကို မေးရအုံးမယ်၊ သူဌေးမင်းက စိတ်ညှိုးခံရတဲ့အလုပ်တွေ ဘာတွေ လုပ်ဘူး သလားခင်ဗျ"

"ဘယ်တော့မှ မလုပ်ပါဘူးရှင်"

"စိတ်ညှိုတဲ့အတတ်ကိုတော့ သင်ဘူး လေ့လာဘူးသလား"

(ဦးခေါင်းကိုယမ်းလျက်) "ကျမ မကြားဘူးပါဘူးရှင်"

ထိုအချိန်၌ သူဌေးကတော်သည် မိမိစိတ်ထဲတွင်ရှိသည်ကို ဆက်လက်၍ မျိုသိပ်မထားနိုင် သကဲ့သို့....

"အိပ်မက်....အိပ်မက် သိပ်ပြီး ထူးဆန်းတာဘဲနော်၊ အဲဒီ အိပ်မက်ကို သူဟာ ညစဉ်လိုလို မက်နေသတဲ့ရှင့်၊ အိပ်မက်ကလဲဆန်းလိုက်တာ၊ သူ့ကိုယ်သူသတ်ပြီး သေတယ်လို့ဘဲ နေ့တိုင်းမက် နေသတဲ့"

ထိုအခါ ဦးထင်ကျော်သည် သူဌေးဦးရွှေဘော်နှင့်တွေ့စဉ်က သူ့အိပ်မက်ထဲတွင် မိမိကိုယ်ကို မိမိ သတ်သေလိုသည့်စိတ်ပေါက်လာကြောင်း။ သို့ဖြစ်၍ သတ်သေလိုက်ကြောင်း ပြောလိုက်သည်ကို ပြန်၍သတိရမိ၏။

ဦးထင်ကျော်က ဆက်လက်၍....

"ဒါထက် နေပါအုံး၊ သူဌေးမင်းမှာ သူ့ ကိုယ် သူ သတ် သေ လောက် အောင် ဘယ်လို အကြောင်းများရှိလို့လဲ"

"မရှိပါဘူးရှင်၊ ဩော်....တခုတော့ရှိတယ်၊ တခါတလေ သူ့ကြည့်ရတာ တမျိုးကြီးဘဲရှင့်၊ အင်မတန်ထူးဆန်းတယ်"

ထိုအချိန်တွင် ဦးရွှေဘော်၏သမီးဖြစ်သူ ညွှန့်ညွှန့်ရွှေက တုန်ရီသောအသံဖြင့်....

"ဖေဖေဟာ ဘယ်တော့မှ သူ့ကိုယ်သူ သတ်သေမှာ မဟုတ်ဘူး၊ သူ့ကျန်းမာရေးကို သူ ကောင်းကောင်းဂရုစိုက်တဲ့ လူဘယောက်"ဟု ပြောလိုက်၏။

ညွှန့်ညွှန့်ရွှေ၏အသံမှာ တုန်တုန်ရီရီရှိသော်လည်း အလွန်ပင် ပြတ်သားလေသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးထင်ကျော်သည် နေရာမှထလိုက်ပြီးနောက်....

"အခင်းဖြစ်ပွားတဲ့အခန်းကို တဆိတ်ခွင့်ပြုမယ်ဆိုယင် ကြည့်ပါရစေခင်ဗျာ"

"ကြည့်ရပါတယ်ရှင်၊ ကဲ....လာကြပါ၊ ဒေါက်တာလဲလာပါ"

သို့နှင့်ဆရာဝန်ဦးအေးကျော်နှင့် ဦးထင်ကျော်တို့သည် သူဌေးကတော် ဒေါ်မြမေဒေါ်ရာသို့ လိုက်ပါသွားကြလေ၏။

သူဌေး ဦးရွှေဘော်၏အခန်းမှာ အတော်ပင်ကျယ်ဝန်းသောအခန်းကြီးဖြစ်၍ သူ၏အတွင်းရေးမှူးကိုမြင့်မောင်အခန်းနှင့် အခန်းချင်းကပ်လျက်ရှိ၏။ အတွင်း၌ကား ခန်းလုံးပြည့် ကော်ဇောကြီးများခင်းထားပြီးလျှင် အလွန် အဘိုးထိုက်သော စားပွဲ၊ ကုလား ထိုင်နှင့် ဆိုဖာကြီးများကို သပ်ယပ်စွာ ခင်း ကျင်း ထား လေ သည်။ လက်တန်း ကုလားထိုင်ကြီးများမှာ အပေါ်မှ သားရေဖုံးအုပ်ထား၏။

ဦးထင်ကျော်သည် ပြူတင်းပေါက်အနီးတွင်ရှိသောကော်ဇောပေါ်တွင် စွန်းထင်းနေသည့် အညိုရောင်အကွက်ကြီးတကွက်တို့ကို စူးစိုက်ကြည့်ရှုလျက်ရှိနေပြီးလျှင် သူနှင့် တွေ့စက ဦးရွှေဘော် ပြောသွားသည့်စကားများကိုပြန်၍သတိရမိ၏။ ထိုစကားများသည်ကား....

"ကျုပ်ဟာ ၃နာရီနဲ့ ၂၀မိနစ်တိတိမှာ စားပွဲက ဒုတိယအံဆွဲထဲမှာထည့်ထားတဲ့ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်လိုက်တယ်၊ ဒီ နောက် ယမ်း တောင့် ထိုး ပြီး ပြူတင်းပေါက်ဆီကို လျှောက်သွားတယ်ဗျ၊ အဲဒီနောက် ကျုပ်ကိုယ်ကျုပ် တခါထဲ ပစ် ချ လိုက် တာ ဘဲ...." စသည်တို့ဖြစ်လေသည်။

"ပြူတင်းပေါက်က ဒီအတိုင်းဘဲဖွင့်ထားသလား"

"ဟုတ်ပါတယ်၊ နို့ပေမဲ့ ဒီလမ်းကတော့ ဘယ်သူမှမဝင်နိုင်ပါဘူး"

ဦးထင်ကျော်သည် ဦးခေါင်းကို ပြူတင်းပေါက်အပြင်သို့ထွက်၍ ဟိုဟိုဒီဒီ ကြည့်ရှုလျက်ရှိ၏။ ပြူတင်းပေါက်အောက်တွင် အတားအဆီးဟူ၍တစုံတရာမရှိဘဲ နံရံသက်သက်မျှသာရှိပြီးလျှင် အနီးအနား၌လည်း လူတယောက်တွယ်ကပ်ရပ်နိုင်ရန် ပိုက်လုံးများပင်မရှိချေ။ ကြောင်တကောင်ပင် ပြူတင်းပေါက်မှ ဝင်လာနိုင်ရန် ခဲယဉ်းလှပေ၏။ ပြူတင်းပေါက်နှင့် မျက်နှာချင်းဆိုင်၌ကား အလုပ်ရုံ၏ အုတ်နံရံကြီးသည် အိမ်မိုးနှင့် ထိလုမတတ် မြင့်မားစွာရှိလေရာ ထိုအုတ်တံတိုင်းကြီးမှာလည်း အပေါက်ဟူ၍ တစုံတရာမရှိချေ။ ထောင်နံရံကြီးတခုနှင့်ပင်တူလှတော့၏။

"ဒီလူကြီးက တကဲ့ ပိုက်ဆံရှိတဲ့ သူဌေးတယောက် လုပ်နေပြီးတော့ ဒီလို အခန်းမျိုးကိုမှ သူ့အလုပ်ခန်း လုပ်တာ အံ့သြပါတယ်ဗျာ၊ ဟိုဘက်ခြံကြီးကလဲ လေပိတ်ပြီး ဘယ်လောက်များ ထောင်နံရံကြီးနဲ့တူသလဲ"

"ဟုတ်တာပေါ့ဒေါက်တာ၊ နံရံက ထောင်နံရံလိုပါဘဲ၊ဒါပေမဲ့ ဒီနံရံကြီးဟာ အခုအမှုအရေးကြီးတယ်ဗျ"

ဒေါက်တာ ဦးအေးကျော်သည် ဦးထင်ကျော်အား အံ့သြစွာ ကြည့်ရှုပြီးနောက်....

"ခင်ဗျားပြောတာက စိတ်ပညာသဘောအရ ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဦးထင်ကျော်သည် စားပွဲဆီသို့ သွားရောက်ပြီးနောက်စားပွဲပေါ်တင်ထားသော သစ်သားညှပ်ကြီးတခုကို ကောက်ယူလိုက်လေသည်။

ထိုသစ်သားညှပ်မှာ လက်ကိုင်ကို ဖျစ်လိုက်သောအခါ ထိပ်ဖျားနှစ်ခုသည် တင်းကြပ်စွာ စေ့၍သွားပြီးနောက် သေးငယ်သော အရာဝတ္ထုကလေးများကိုပင် ကောင်းစွာ ညှပ်ယူနိုင်လေသည်။ သို့နှင့် ဦးထင်ကျော်သည် ကော်ဇောပေါ်တွင် ကျရှိနေသော မီးခြစ်ဆံတဆံကို ထိုညှပ်ဖြင့် ညှပ်ယူလိုက်ရာ၊ အောက်သို့ကုန်း၍မကောက်ရဘဲ မီးခြစ်ဆံမှာ ညှပ်၏အဖျားတွင် ပါလာလေ၏။

"တော်တော်နေရာကျတဲ့ဟာဗျို၊ လုပ်တာက ဗမာလုပ်ပေမဲ့ အတော်သေသပ်တဲ့ ကိရိယာဘဲဗျ၊ ဪ....ဒါထက်နေပါဦး၊ ဦးရွှေဘော်သေတဲ့အချိန်မှာ သူ့ဇနီးမမြမေနဲ့ သူ့သမီး ညွန့်ညွန့်ရွှေတို့က ဘယ်မှာရှိသတဲ့လဲ"

"ဒေါ်မြမေက အပေါ်ထပ် သူ့အခန်းထဲမှာ ရှိပါတယ်၊ ညွန့်ညွန့်ရွှေလဲ သူ့အခန်းထဲမှာဘဲ စက်ပန်းထိုးပြီးနေတယ်"

"ဒါဖြင့် ညွန့်ညွန့်ရွှေဆိုတဲ့ သူငယ်မကို ခဏမတွေ့ရဘူးလားခင်ဗျာ၊ သူ့ကို တယောက်ထဲ ကျုပ် တွေ့ချင်ပါတယ်"

"တွေ့ချင်ယင် တွေ့နိုင်ပါတယ်"

ဆရာဝန် ဦးအေးကျော်သည် ဦးထင်ကျော်အား ထူးဆန်းစွာ ကြည့် လိုက် ပြီး နောက် အခန်းထဲမှ ထွက်သွားလေရာ နောက်ဘခဏမျှ အကြာတွင် တံခါးပွင့်သွားပြီးနောက် ညွန့်ညွန့်ရွှေ ဝင်လာလေသည်။

ဦးထင်ကျော်သည် ချွှီသာရွှင်ပြုံးသော မျက်နှာနှင့် မိန်းကလေးအား ကြည့်လိုက်ပြီးနောက်....

"ဒါထက် ညွန့်ညွန့်ရွှေကို တခွန်းနှစ်ခွန်းလောက် ဦးမေးပါရစေ"

"မေးပါရှင် မေးနိုင်ပါတယ်"

"ညွန့်ညွန့်ရွှေအဖေဟာ သူ့စာရေးစားပွဲအံဆွဲထဲမှာ ခြောက် လုံး ပြူး သေ နတ် တ လက် ဆောင်ထားတယ်ဆိုတာကော သိသလား"

"မသိပါဘူးရှင်"

"အဲဒီအချိန်တုန်းက ညွန့်ညွန့်ရွှေနဲ့ ညွန့်ညွန့်ရွှေရဲ့အမေ အဲလေ ယောင်လို့ မိထွေး"

"ဟုတ်ပါတယ်ရှင်၊ ဒေါ်မြမေဟာ ကျမ အမေအရင်း မဟုတ်ပါဘူး၊ မိထွေးပါ၊ ကျမထက် အသက်ရှစ်နှစ်ဘဲ သူက ကြီးပါတယ်"

"ကဲ....ဦးမေးချင်တာက လွန်ခဲ့တဲ့ ကြာသပတေးနေ့ညက ညွန့်ညွန့်ရွှေရယ်၊ ညွန့်ညွန့်ရွှေရဲ့ မိထွေး မမြမေရယ် ဘာမှာရှိသလဲ"

ညွန့်ညွန့်ရွှေသည် ခေတ္တမျှ စဉ်းစားပြီးနောက်....

"ကြာသပတေးနေ့ဟုတ်လား ဟုတ်ကဲ့၊ အဲဒီညတုန်းက ရုပ်ရှင်သွားကြည့်ကြတယ်ရှင့်"

"ညွန့်ညွန့်ရွှေအဖေကြီးကတော့ မလိုက်ဘူးလား"

"သူက ပွဲလမ်းသဘင် မကြိုက်ပါဘူးရှင်၊ ရုပ်ရှင်တွေဘာတွေ ကြည့်ခဲ့သားဘဲ"

"ဒါဖြင့် ညနေခင်းမှာ သူဘာလုပ်တတ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညနေစောင်းတို့၊ ညဦးယံတို့တော့ သူ့အခန်းထဲ သူစာဖတ်နေတတ်တာဘဲ"

"သူဌေးမင်းက တော်တော်ဘဲ အပေါင်းအသင်းနဲတဲ့လူ ထင်ပါရဲ့"

"ဟုတ်ပါတယ်ရှင်၊ အမှန်ပြောရမယ်ဆိုယင်တော့ သူနဲ့ နီး နီး ကပ် ကပ် ပေါင်းယင် ဘယ်သူမှ မတဲ့ပါဘူး"

"ညွန့်ညွန့်ရွှေ ပြောတာကဖြင့် ဘွင်းဘွင်းကြီးပါဘဲဗျာ"

"ဟုတ်ပါတယ်ရှင်၊ ဦးအချိန်အကုန်မခံစေချင်လို့ ကျမကလဲ ဘွင်းဘွင်းကြီး ပြောမိတာပါဘဲ၊ ဦး ဘာလိုချင်တယ်ဆိုတာလဲ ကျွန်မ ရိပ်မိပါတယ်၊ အမှန်တော့ ကျမ မိဒွေးက ဖေဖေ့ကို လက်ထပ်တာဟာ ပိုက်ဆံရှိလို့ဘဲ ဆိုပါတော့၊ ကျမလဲ ဒီအိမ်က မသွားနိုင်တာ လက်ထဲမှာ ပိုက်ဆံ မရှိသေးလို့ဘဲ ဦးရေ့၊ ပိုက်ဆံများရှိယင် ဒီအိမ်မှာ တနာရီတောင် မနေဘူး၊ ကျွန်မကိုယ်တိုင် မေတ္တာရှိတဲ့ လူတယောက်ရှိပါတယ်၊ နို့ပေမဲ့ ဒီလူက ဆင်းရဲတယ်၊ ကျွန်မဖေဖေကလဲ ကျွန်မ ချမ်းချမ်းသာသာ ဖြစ်တာကို မြင်ချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ တယောက်ထဲဘဲ အမွေစားအမွေခံရှိတာကိုး"

"ဒါဖြင့် သူဌေးမင်းရဲ့ အမွေအားလုံးကို ညွန့်ညွန့်ရွှေက ရမယ် ဆိုပါတော့"

"မှန်ပါတယ်ရှင်၊ ကျွန်မမိဒွေးအတွက်လဲ ဖေဖေက သူ့ပစ္စည်း လေးပုံတပုံခွဲပြီး သတ်သတ်ထားပါတယ်၊ ကျန်တဲ့ပစ္စည်းကိုတော့ အဖေကြီးသေယင် ကျွန်မရဘို့ဘာဘဲ၊ ဒါဘဲလားရှင်"

"ဪ….နဲနဲကလေးကျန်ပါသေးတယ်၊ဟောဒီ စားပွဲပေါ်မှာရှိတဲ့ ညပ်ကြီးဟာ ဒီနေရာမှာ အမြဲရှိတာလား"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မဖေဖေက ငုံ့ပြီး မကိုင်ချင်လို့ ဒီညပ်ကြီးကိုထားတာပါ"

"နောက်တချက်လဲ မေးဘို့ရှိသေးတယ်"

"မေးပါရှင်"

"သူဌေးမင်းအကြောင်းကို နဲနဲပါးပါး ပြောစမ်းပါအုံး မညွန့်ညွန့်ရွှေ"

"အကြောင်းဆိုတာက ဘာကို ဆိုလိုတာပါလဲရှင်"

"သူနေပုံထိုင်ပုံ၊ သူ့ရဲ့ အကျင့်စာရိတ္တ၊ သူနေ့စဉ် ဘာကိုလုပ်တတ်တယ်၊ သူရဲ့ဝါသနာပါဒါတွေပေါ့ကွယ်"

"ဖေဖေက လူရိုးလူအေးကြီးတယောက်ပါရှင်၊ နို့ပေမဲ့ စကားပြောယင်တော့ သူများနားမှာ ကန့်လန့်ချည်းဘဲ၊ ပိုက်ဆံလဲနှမြောတယ်၊ နို့ပေမဲ့ ဘာမဆို အကောင်းမှကြိုက်ပြီး အကုန်ခံသင့်တဲ့နေရာမှာ ဘယ်လောက်ဘဲကုန်ကုန်ခန်းခန်း လုပ်တတ်တယ်၊ ပြီးတော့ အခု အသက်ကြီးမှ အယင်တုန်းကထက် ကြောက်တတ်လာတယ်၊ ဘာမဆို ကြောက်တာဘဲရှင်၊ ကြောင်ကလေး၊ ခွေးကလေးတောင် အနားလာယင်ကြောက်တတ်တယ်၊ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက် ကထဲကစပြီး အဲဒီလို ဖြစ်နေတယ်"

"မျက်စိကော သိပ်မှန်ရှာတယ်နော်"

"သူ့မျက်စိက ငယ်ငယ်ကလေးထဲကစပြီး မှုန်လာတဲ့ မျက်စိဘဲရှင်"

"ဒါဖြင့် မျက်မှန်တတ်ထားယင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"မျက်မှန်တပ်ထားယင်တော့ ကောင်းကောင်းမြင်ပါတယ်ရှင်"

"သတင်းစာတို့ စာလုံးသေးသေးတို့ကော ဖတ်နိုင်ရဲ့လား"

"ဟုတ်ကဲ့ ဖတ်နိုင်ပါတယ်"

"ဒါပါဘဲ မညွန့်ညွန့်ရွှေ၊ ကျေးဇူးတင်ပါတယ်"

အခန်းတွင်းမှ ညွန့်ညွန့်ရွှေ ထွက်သွားသောအခါ ဦးထင်ကျော်သည်

"အင်း....ဖျင်းလိုက်တဲ့ ဒါနှယ်ကွယ်၊ ဒီဟာကလေးတောင်မှ မမြင်လိုက်တာများ အံ့သြပါတယ်"

....ဟု နှုတ်မှမပြောဘဲ ဝမ်းထဲမှကြိတ်၍ ရေရွတ်လျက်ရှိလေသည်။ သူသည်ပြူတင်းပေါက်ဆီသို့ သွားပြီးနောက်၊ နောက်ဖေးလမ်းကြားသို့ငုံ၍ကြည့်ရာ မည်းနက်သော အရာကလေးတခုကို မြင်ရလေလျှင် စိတ်ကြေနပ်သော လက္ခဏာဖြင့် ဦးခေါင်းကိုတချက်မျှဆတ်လိုက်ပြီးနောက် အခြားသူများရှိရာသို့ ပြန်ခဲ့လေသည်။ ထိုနောက်သူသည် အတွင်းရေးမှူးဖြစ်သူကိုမြင့်မောင်အား....

"ဒီမှာကိုမြင့်မောင်၊ သူဌေးကြီးက ကျုပ်ကိုခေါ်တဲ့ကိစ္စနဲ့ပတ်သက်လို့ တဆိတ် စုံစုံလင်လင် ပြောပြစမ်းပါအုံး၊ သူဌေးကြီးကဒီစာကို ဖတ်တုန်းက ခင်ဗျားကို အရေးခိုင်းတာဘဲဗျ"

"ကျွန်တော် မှတ်မိသလောက်ဗုဒ္ဓဟူးနေ့က ညနေ ၅ နာရီခွဲလောက်ပါဘဲခင်ဗျာ"

"ဒီစာကို စာတိုက်ထည့်ဘို့များကော အထူးပြောသေးသလား"

"ကျွန်တော်ကိုယ်တိုင် စာတိုက်မှာထည့်ဘို့ပြောပါတယ်ခင်ဗျ"

"ဒီတော့ ခင်ဗျားကထည့်လိုက်တယ်ဆိုပါတော့"

"မှန်ပါတယ်ခင်ဗျာ"

"ကျုပ်လာတဲ့အခါ အိမ်ထဲကိုဝင်ခွင့်ပြုဘို့ အောက်ထပ်က အစေခံအဘိုးကြီးကို ဘာများထူးထူးထွေထွေ သူက အမိန့်ပေးထားသေးသလဲ"

"ည ၈ နာရီခွဲမှာ လူတယောက်လာလိမ့်မယ်၊ ဒီအခါမှာ အဲဒီလူရဲ့နာမည်ကိုမေးပြီး သူ့မှာပါလာတဲ့စာကိုတောင်းထားဘို့ ပြောထားနှင့်ပါလို့ ကျွန်တော့်ကို သူဌေးမင်းက အမိန့်ရှိပါတယ်ခင်ဗျာ"

"အင်း....လုပ်ပုံကတော့ တော်တော်ဆန်းတာဘဲခင်ဗျ၊ဘယ့်နှယ်လဲ ခင်ဗျားကောဆန်းတယ်မထင်ဘူးလား"

အတွင်းရေးမှူး ဦးမြင့်မောင်သည် အတန်ငယ်လှုပ်ရှားသွားပြီးနောက် သတိထား၍ ပြောသည့်ဟန်ဖြင့်....

"သူဌေးမင်းကိုယ်တိုင်က လူထူးလူဆန်းကြီးတယောက်ပါဘဲခင်ဗျာ"

"ဒါပြင်ကော ဘာများညွှန်ကြားချက်ပေးသေးသလဲ"

"ပေးပါတယ်ခင်ဗျာ"

"အဲဒီနေ့ညနေ ကျွန်တော်အပြင်ကိုသွားချင်တဲ့အကြောင်းပြောပါတယ်"

"ဒီတော့ ခင်ဗျားကကော သွားသေးသလား"

"ဟုတ်ကဲ့....သွားပါတယ်ခင်ဗျာ၊ညစာစားပြီးတော့ကျွန်တော်လဲရုပ်ရှင်သွားကြည့်ပါတယ်"

www.burmeseclassic.com



ဒီတော့ဘယ်အချိန်လောက်ပြန်လာသလဲ"

"၁၁ နာရီမထိုးခင် ၁၅ မိနစ်လောက်မှာ ကျွန်တော်ပြန်ရောက်ခဲ့ပါတယ်"

"အဲဒီနေ့ည သူဌေးမင်းကို ခင်ဗျား တွေ့သေးသလား"

"မတွေ့ပါဘူးခင်ဗျာ"

"သူကကော နောက်တနေ့မနက် ဒီအကြောင်းကိုမပြောဘူးလား"

"မပြောပါဘူးခင်ဗျာ"

ဦးထင်ကျော်သည် ခေတ္တမျှရပ်ဆိုင်းလိုက်ပြီးနောက် ဆက်လက်၍...

"ဒါနဲ့ကျုပ်ရောက်လာတော့ သူဌေးမင်းအခန်းထဲကိုတိုက်ရိုက်ခေါ်မသွားဘဲဦးမြင့်မောင်ရဲ့ အခန်းကို ခေါ်သွားတယ်နော်၊ဟုတ်တယ်မဟုတ်လား"

"ဒါကတော့ဒီလိုပါခင်ဗျာ၊ ဦးထင်ကျော်ရောက်လာတော့ သူ့အခန်းထဲ ခေါ်မသွားဘဲနဲ့ ကျွန်တော့်အခန်းကိုလိုက်ပြဖို့ အောက်ထပ်ကအစေခံကိုအမိန့်ပေးထားဘို့အကြောင်း ကျွန်တော့်ကို ပြောထားပါတယ်"

"ဒါဘာဖြစ်လို့လဲဗျ၊ ခင်ဗျားသိသလား"

(ကိုမြင့်မောင်က ဦးခေါင်းကိုယမ်းလျက်)

"ဒါကတော့ သူဌေးမင်းပြောတဲ့ အမိန့်ကို ကျွန်တော်ဘယ်တော့မှ စောဒကမတက်ပါဘူး ခင်ဗျာ၊ သူ့ကိုပြန်ပြီး မေးလားမြန်းလားလုပ်ယင် သူကမကြိုက်ဘူးခင်ဗျ"

"သူ့အခန်းထဲမှာ ဧည့်သည်တွေကို လက်ခံနေကျမဟုတ်လား"

"အများအားဖြင့်တော့ ဟုတ်ပါတယ်ခင်ဗျာ၊ နို့ပေမဲ့ အမြဲမဟုတ်ပါဘူး၊ အချို့မိတ်ဆွေကို ကျွန်တော့်အခန်းထဲမှာ လက်ခံစကားပြောပါတယ်"

"ဒီလိုလုပ်တာဟာ အကြောင်းရှိလို့လားဗျ"

(ကိုမြင့်မောင်က အတန်ငယ်စဉ်းစားပြီးနောက်)

"မရှိပါဘူးခင်ဗျာ၊ ကျွန်တော်လဲ ဒီအကြောင်းကို စဉ်းစားလဲမစဉ်းစားမိပါဘူး"

ဦးထင်ကျော်သည် သူဌေးကတော် ဒေါ်မြမေ၏ခွင့်ပြုချက်အရ အောက်ထပ်မှ အစေခံအဖိုးကြီးအားခေါ်လိုက်ရာ ချက်ချင်းလိုပင်ရောက်ရှိလာ၏။ ရောက်လာသောအခါ ဦးထင်ကျော်က တစုံတရာမေးမြန်းလိုသဖြင့် ခေါ်ခြင်းဖြစ်ကြောင်း သူဌေးကတော် ဒေါ်မြမေက အဖိုးကြီးအား ပြောပြလေသည်။

"လွန်ခဲ့တဲ့ ကြာသပတေးနေ့ညက ကျုပ်ရောက်လာတဲ့အခါမှာ ဘာလုပ်ရမယ်လို့ သူဌေးမင်းက ခင်ဗျားကိုအမိန့်ပေးထားသလဲ"

အစေခံအဖိုးကြီးသည် အတန်ငယ်ချရှင်းလိုက်ပြီးနောက်....

"ညစာစားပြီးတဲ့အချိန်မှာ သူဌေးမင်းဆီကို ဦးထင်ကျော်ဆိုတဲ့ လူကြီးတယောက်ရောက်လာမဲ့အကြောင်း၊ ၈ နာရီခွဲလောက်မှာ ရောက်လာဘို့ရှိတဲ့အကြောင်း၊ ဦးမြင့်မောင်က ကျွန်တော့်ကို ပြောပါတယ်၊ ဒီအခါ ကျွန်တော်က ရောက်လာမဲ့ဧည့်သည်နာမည်ကို မေးမြန်းရမယ်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com


သူ့လက်ထဲမှာ စာတစောင်ပါလာတယ်၊ မပါလာဘူးဆိုတာကြည့်ရမယ်၊ ဒီနောက် ဦးမြင့်မောင်ရဲ့ အခန်းထဲကိုပို့ရမယ်လို့ ဦးမြင့်မောင်က အမိန့်ပေးထားပါတယ်ခင်ဗျာ"

"အခန်းရှေ့ရောက်တော့ အခန်းတံခါးကိုခေါက်ဖို့ကော ပြောထားသေးသလား"

အစေခံကြီးသည် အတန်ငယ်သဘောမကျသကဲ့သို့ မျက်နှာတမျိုးပြောင်းသွားပြီးနောက်...

"ဒါက သူဌေးမင်းရဲ့ အမိန့်ပါဘဲခင်ဗျာ...ဧည့်သည်တွေ အလုပ်အကိုင်နဲ့ ပတ်သက်တဲ့ ဧည့်သည်တွေရောက်လာတဲ့အခါမှာ တံခါးကိုခေါက်ဖို့ပါဘဲခင်ဗျာ"

"ဟာ...ဒီဟာ ကျုပ်နားမလည်ပါဘူး၊ ကျုပ်နဲ့ပတ်သက်လို့ ခင်ဗျားကို ဘာအထူးညွှန်ကြားချက်များပေးထားသလဲလို့ ကျုပ်ကမေးတာဗျ"

"မပေးပါဘူးခင်ဗျာ၊ စုံထောက်ကြီးကို အခု ကျွန်တော်ပြောပြတဲ့အတိုင်း ဦးမြင့်မောင်က ကျွန်တော့်ကိုလဲ ပြောပြီးရော သူလဲအပြင်ထွက်သွားတာပါဘဲ"

အဲဒီတော့ ဘယ်အချိန်ရှိပြီလဲ

"၈ နာရီထိုးဘို့ ၁၀ မိနစ်လိုသေးတယ်ခင်ဗျ"

"ဒီနောက် သူဌေးမင်းကို ခင်ဗျားတွေ့ရသေးသလား"

"တွေ့ရပါတယ်ခင်ဗျာ...ည ၈ နာရီလောက်မှာ ကျွန်တော်လုပ်နေကျအတိုင်း ရေနွေးတခွက် သူ့ဆီကိုသွားပို့ရပါတယ်"

"အဲဒီတော့ သူဟာ သူ့အခန်းထဲမှာလား၊ ဒါမှမဟုတ်လို့ ဦးမြင့်မောင်ရဲ့အခန်းမှာလား"

"သူ့အခန်းထဲမှာခင်ဗျ"

"အဲဒီတော့ အခန်းထဲမှာ ဘာများထူးထူးခြားခြားမှတ်မိသလဲ"

"ထူးထူးခြားခြား...ဟုတ်လား...မရှိပါဘူးခင်ဗျာ"

"အဲဒီအချိန်မှာ သူဌေးကတော်နဲ့ သူ့သမီး ညွှန့်ညွှန့်ရွှေကကော ဘယ်မှာလဲ"

"သူတို့ ရုပ်ရှင်သွားကြပါတယ်ခင်ဗျာ"

"ကောင်းပါပြီဗျာ၊ ကျေးဇူးတင်ပါတယ်။ ကဲ...တော်လောက်ပါပြီ"

အစေခံကြီးထွက်သွားသောအခါ ဦးထင်ကျော်က သူဌေးကတော် ဒေါ်မြမေ ဘက်သို့ လှည့်၍...

"ဪ...ဒါထက် သူဌေးကတော်ကို နောက်ထပ်မေးခွန်းတခုတော့ မေးဘို့ခွင့်ပြုပါခင်ဗျာ၊ သူဌေးမင်းက မျက်စိမကောင်းဘူး မဟုတ်လား"

"ဟုတ်ကဲ့ မကောင်းပါဘူးရှင်၊ မျက်မှန်မပါယင် သူဘာမှမမြင်ရဘူး"

"သိပ်မှုန်မှာပေါ့"

"ဟုတ်ကဲ့၊ မှုန်ပါတယ်...မှုန်ပါတယ်ရှင်၊ မျက်မှန်မပါယင် သူဘာမှ မမြင်ရဘူး"

"ဒါဖြင့် သူ့မှာ မျက်မှန်အလက် တော်တော်များများရှိသလား"

"ဟုတ်ကဲ့ ရှိပါတယ်"

"ကောင်းပါပြီခင်ဗျာ၊ ဒါပါဘဲ အမှုကတော့ ပြီးလောက်ပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အခန်းတခန်းလုံးမှာ ငြိမ်သက်လျက်ရှိ၏။ ဦးထင်ကျော်သည် ဆေးတံကိုထုတ်တာ မီးညှိလျက်ရှိ၏။ စုံထောက်အင်စပိတ်တော် ဦးစိန်မောင်မျက်နှာမှာ မဝေခွဲနိုင်သော အမူအရာရှိနေ၏။ သရာဝန်ဦးအေးကျော်မှာ နဖူးရေများတွန့်၍လျက်ရှိ၏။ အတွင်းရေးမှူးဦးမြင့်မောင်မှာမူ လူသုံးယောက်အား မျက်နှာများကို တလှည့်စီကြည့်၍လျက်ရှိ၏။ သူဌေးကတော် ဒေါ်မြမေမှာ အံ့အားသင့်လျက် ရှိနေဘိသကဲ့သို့ ငေးမောလျက်ရှိလေရာ၊ ညွန့်ညွန့်ရွှေတယောက်၏မျက်နှာမှာသာ စိတ်အားထက်သန်ခြင်းကိုဖော်ပြလျက်ရှိလေသည်။

ဤသို့ငြိမ်သက်လျက်ရှိစဉ် သူဌေးကတော် ဒေါ်မြမေက....

"ကျမ နားမလည်နိုင်တာက အိပ်မက်အကြောင်းဘဲ ဦးထင်ကျော်ရှင့်၊ အိပ်မက်....အိပ်မက်"

"ဟုတ်ကဲ့....အဲဒီအိပ်မက်ဟာ အင်မတန်အရေးကြီးပါတယ်ခင်ဗျာ"

(ဒေါ်မြမေက တုန်ရီသောအသံဖြင့်)

"ကျမဟာ ဒီလိုစုန်းနတ် တစ္ဆေတို့၊ အိပ်မက်တို့ကို ဘယ်တော့မှ အယင်တုန်းက မယုံကြည်ပါဘူးရှင်....နို့ပေမဲ့ အခု သူမက်တဲ့အိပ်မက်က အိပ်မက်တခုထဲကိုဘဲ ညတိုင်းဆက်ပြီး မက်တယ်ဆိုတော့"

(စကားမဆုံးမီ) "ဆန်းတော့ သိပ်ဆန်းတာဘဲဗျာ၊ ဒီအကြောင်းကို သူဌေးမင်းဆီက ကျုပ်သာမကြားရဘူးဆိုယင်တော့...."

"ဪ....ဒါထက် ဒေါ်မြမေကို မေးရအုံးမယ်၊ သူဌေးမင်းက ဒီအိပ်မက်အကြောင်းကို မပြောဘူး"

"မပြောပါဘူးရှင်"

"ဟုတ်တာပေါ့ဗျာ၊ သူဌေးမင်းကိုယ်တိုင်က ကျုပ်ကိုမပြောဘူးဆိုယင်တော့"

"ဦးထင်ကျော်သည် ဆေးတံကို ကိုက်ကာ မျက်လုံးများကို ခပ်မှေးမှေးထားလျက်ရှိရာမှ....

"ဒီအမှုမှာ အရေးကြီးတဲ့အချက်ကလေးတွေရှိတယ်ဗျ၊ ဥပမာ ကျွန်တော့ကိုပေးလိုက်တဲ့စာကို ကျွန်တော်လာတဲ့အခါ ယူလာရမယ်တဲ့ဗျာ"

မြင့်။ ။"ဒါကတော့ သူဘယ်သူ့ဝါဆိုတာ သေချာအောင်လို့ထင်ပါတယ်ခင်ဗျာ"

"မဟုတ်ဘူး ကိုမြင့်မောင်၊ မဟုတ်ဘူး၊ ဒါဟာ အင်မတန်ထူးဆန်းတယ်၊ ဒီအချက်ဟာ ကျုပ်တို့ မျက်မြင်တွေးထင်ချက် အစီပွာယ်ပိုပြီး နက်နဲတယ်၊ ဦးရွှေတော်က ကျွန်တော့်ကို သူပေးလိုက်တဲ့စာ ပါခဲ့စေချင်ရုံမကဘူး၊ ဒီစာကလေးကိုလဲ သူ့ဆီမှာထားခဲ့ရတယ်ခင်ဗျာ၊ ပြီးတော့ ဒီစာကိုလဲသူဖျက်ဆီးမပစ်ဘူး၊ ဒီစားပွဲပေါ်မှာ တခြားစက္ကူတွေနဲ့အတူ တွေ့တယ်၊ သူဘာဖြစ်လို့ ဒီစာကိုသိမ်းထားရသလဲခင်ဗျာ"

ထိုအခါ ညွန့်ညွန့်ရွှေက....

"ဒါကတော့သူတခုခုဖြစ်ယင် သူမက်တဲ့ အိပ်မက်အကြောင်း အများသိစေချင်လို့ သိမ်းထားတာဖြစ်မှာပေါ့ရှင်"

ဦးထင်ကျော်က ညွန့်ညွန့်ရွှေ၏စကားကိုထောက်ခံသည့်အနေဖြင့် ဦးခေါင်းကိုအသာအယာ ညိတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်မိန်းကလေး၊ မိန်းကလေးပြောတာ ကျုပ်သဘောကျတယ်၊ ဒီစာကို သိမ်းထားတာ ဒါအတွက်ဖြစ်ရမယ်၊ ဦးရွှေဘော်သေသွားပြီးတဲ့နောက် သူ ထူးထူးဆန်း ဆန်းမက်တဲ့ အိပ်မက် အကြောင်းကို လူတွေဟာ ပြောကျန်ရစ်ခဲ့အောင်၊ ဒါကြောင့် ဒီအမှုမှာ အိပ်မက်ဟာ အရေး အကြီးဆုံးဘဲ၊ ဒီအမှုရဲ့အသက်ဟာ ဒီအိပ်မက်ပေါ်မှာတည်နေတယ်"

ဦးထင်ကျော်က ဆက်လက်၍....

"ကဲ....ဒုတိယအချက်ကို ကျုပ်ပြောပြမယ်၊ သူပြောတဲ့အမှုအကြောင်း ကျုပ်ကနားထောင် ပြီးတဲ့နောက် သူ့စားပွဲနဲ့ ခြောက်လုံးပြူးသေနတ်ကို ပြဘို့ ကျုပ်က ပြောတယ်။ ပထမတော့ သူပြဘို့လုပ်ပြီး ချက်ချင်းဘဲ စိတ်ပြောင်းပြီးမပြတော့ဘူး"

ထိုအချိန်တွင် ဦးထင်ကျော်၏ထင်မြင်ချက်ကို မည်သူမျှဆွေးနွေးခြင်းမပြုမီ ဦးထင်ကျော်က ဆက်လက်၍....

"ကဲ....ဒီတော့ ကျွန်တော်တို့ မေးခွန်းထုတ်ပြီး အမျိုး မျိုး စဉ်းစားကြည့်မယ်၊ ဟိုဘက် ခန်းထဲမှာ ဦးရွှေဘော်က ကျွန်တော်မမြင်စေချင်တာ ဘာရှိသလဲ၊ ကေန္တ ကျွန်တော့်ကို မမြင် စေချင်တာ တခုခုရှိရမယ်။ သူဟာ အကြောင်းတခုခုကြောင့် သူရဲ့အတွင်းရေးမှူး ဦးမြင့်မောင်ရဲ့ အခန်းမှာ ကျွန်တော့်ကိုဧည့်ခံတယ်။ ပြီးတော့ သူ့အခန်းကို ကျွန်တော်က လိုက်ပြီးကြည့်ချင်တယ် ဆိုတော့ သူငြင်းတယ်။ လိုက်မပြဘူး။ ဒါကြောင့် သူ့အခန်းထဲမှာ ကျွန်တော့်ကို မမြင်စေ ချင်တာ တခုခု ကေန္တ ရှိရမယ်လို့ ကျွန်တော်တွက်တယ်"

ထို့နောက် ဦးထင်ကျော်က ဆက်လက်၍....

"ကဲ....တတိယအချက်ကို ကျွန်တော် ရှင်းပြမယ်။ အဲဒီညက ကျွန်တော် သူဌေးမင်းဆီကို လာတဲ့အခါမှာ ကျွန်တော့်လက်ထဲမှာပါလာတဲ့စာကိုပေးဘို့ သူကပြောတယ်။ ဒီတော့ကျွန်တော်လဲ သူ့ဆီကရတဲ့ စာကို မပေးဘဲနဲ့ မိတ်ဆွေတယောက်ရဲ့စာကိုသာ ပေးလိုက်တယ်။ သူဟာ စာကို မကြည့်ဘဲနဲ့ စားပွဲပေါ်မှာ တင်ထားလိုက်တယ်။ ဒါနဲ့ ကျွန်တော့်အခန်းထဲက ထွက်မသွားခင် ကျွန်တော့်အမှားကို သိတာနဲ့ စာကိုပြန်ယူပြီး သူ့စာကိုပေးလိုက်ရတယ်။ ဒီနောက် ကျွန်တော်လဲ သူ့အိမ်ကထွက်လာခဲ့တာဘဲ။ ကဲ....ဒီအချက်တွေကို ခင်ဗျား မြင်ရဲ့လား ဦးအေးကျော်"

"ကျုပ်ဖြင့် နားမရှင်းသေးပါဘူးဗျာ"

"ဒီမှာဗျ။ အဖိုးကြီးဟာ ကျုပ်က မှားပြီးပေးတဲ့စာကို ဘာမှမပြောဘဲ ယူပြီးစားပွဲပေါ် တင်ထားလိုက်တယ်။ တချက်ထဲ ကြည့်ရုံနဲ့ ဒီစာဟာ သူ့ဆီက ပေးတဲ့စာ မဟုတ်ဘူးဆိုယင် သိနိုင်တာပေါ့။ နို့ပေမဲ့ သူ ဘာမှမသိဘူး။ အဲဒါဘာဖြစ်လို့လဲသိလား။ သူဟာကောင်းကောင်း မမြင်ရလို့ပေါ့ဗျ"

ထိုအခါ အမှုလိုက်အင်စပက်တော် ဦးစိန်မောင်က ကြားဖြတ်၍....

"အဲဒီအခါတုန်းက မျက်မှန် တပ်မထားလို့လား ဦးထင်ကျော်"

(ဦးထင်ကျော်က ပြုံးလျက်) "တပ်ထားပါတယ်။ အဲဒါကြောင့် သာပြီး မမြင်ရတာ ပေါ့ဗျာ....ဟား....ဟား...."



www.burmeseclassic.com

www.burmeseclassic.com


ဦးထင်ကျော်က ဆက်လက်၍....

"ပြီးတော့ အိပ်မက်အကြောင်း ဆရာတို့ရေ....သူဟာ သူ့ကိုယ်သူ သတ်သေတယ်လို့ အိပ်မက် မက်တယ်ဆို မဟုတ်လား၊ ဒီနောက် ဘာမှမကြာဘူး သူ့ကိုယ်သူ သတ်သေလိုက်တယ်၊ သေတဲ့ အခါ အခန်းထဲမှာ တခြားလူမရှိဘူး သူတယောက်ထဲရယ်၊ သူ့အခန်းထဲကို အဲဒီအချိန်က ဘယ်သူ မှလဲ မဝင်ဘူး၊ ဘယ်သူမှလဲ မထွက်ဘူး၊ အခန်းထဲမှာ တယောက်ထဲသေနေတော့ သူ့ကိုယ်သူ သတ်သေတယ်လို့ ဆိုရမှာပေါ့"

"ဟုတ်တာပေါ့ဗျာ"

ဦးထင်ကျော်လည်းအတန်ငယ်ပြုံးလျက် ဦးခေါင်းကိုယမ်းလိုက်၏။ ထို့နောက် ဆက်လက်၍....

"မဟုတ်ဘူး ဆရာတို့ရေ....မဟုတ်ဘူးဗျ၊ဒါဟာ လူသတ်မှု အင်မတန် ကြံကြံစည်စည် ဖန်တီး ထားတဲ့ လူသတ်မှုဗျို"

ဦးထင်ကျော်သည် ရှေ့သို့ အတန်ငယ် ညွတ်ကာ စားပွဲပေါ်တွင် လက်ထောက်ပြီးနောက် စားပွဲကို လက်ချောင်းကလေးများနှင့်ခေါက်ယင်း ဆက်လက်၍....

"သူဌေးဦးရွှေဘော်ဟာ ကျွန်တော့်ကိုလဲ အဲဒီနေ့တုန်းက ဘာဖြစ်လို့ သူ့အခန်းထဲ ခေါ်သွားဘို့ ခွင့်မပြုသလဲ၊ အဲဒီအခန်းထဲမှာ ကျွန်တော် မမြင်စေချင်တာ ဘာရှိသလဲ၊ တခြား ဟုတ်ပါရိုးလားဗျာ၊ သူဌေးဦးရွှေဘော်ကိုယ်တိုင် ဟိုအခန်းထဲမှာ ရှိလို့ဘဲဗျ"

နားထောင်သူများသည် ဦးထင်ကျော်၏ မျက်နှာကို ကြည့်ကာ အံ့သြလျက် ရှိကြ၏။ မတွေး တတ်နိုင်အောင် ရှိကြ၏။

ထို့နောက် ဦးထင်ကျော်က ဆက်လက်၍....

"အင်း....ကျုပ်အခုပြောတာကို အဓိပ္ပာယ်မရှိဘူးလို့ ခင်ဗျားတို့က ထင်ကြမယ်၊ ကိုင်းဗျာ.... ဦးရွှေဘော်ဟာ တခုနဲ့တခု နဲနဲမတူတဲ့ စာကို ဘာဖြစ်လို့ မသိဘဲ နေရတာလဲ၊ အမှန်ကတော့ ဒီစာကိုကြည့်တဲ့လူဟာ မျက်စိမှုံတဲ့ လူတယောက်မဟုတ်ဘူး၊ခင်ဗျားတို့ ကျုပ်တို့လို မျက်စိကောင်းတဲ့ လူတယောက်ဘဲဗျ၊အဲဒီလိုလူမျိုးမှာ ပါဝါအင်မတန်ရှိတဲ့ မျက်မှန်ထူကြီးကို တပ်လိုက်တော့ ဘာမှ မမြင်ရတော့ဘူး၊ တခါထဲ ကန်းသလိုဖြစ်သွားတယ်၊ ကဲ....ကျွန်တော်ပြောတာ ဟုတ်တယ် မဟုတ်လား ဒေါက်တာ"

"ဟုတ်ပါတယ် ဦးထင်ကျော်၊ ခင်ဗျားပြောတာမှန်ပါတယ်"

ဦးထင်ကျော်က ဆက်လက်၍....

"ဒီလိုကိုဗျ၊ ဟိုနေ့က ကျုပ်ကို စကားလက်ခံ ပြောနေတဲ့လူက အလို....ဟိုလူ ဘယ်ပြေး တာလဲ၊ ဖမ်းဗျို့ဦးစိန်မောင် ဖမ်း၊ ဖမ်း"

ထိုနေရာသို့ရောက်လျှင် အတွင်းရေးမှူး ကိုမြင့်မောင်သည် အမှုလိုက် အင်စပိတ်တော် ဦးစိန်မောင်၏ လက်ဝဲဘက်တွင် ထိုင်လျက်ရှိရာမှ အခန်းတံခါးပေါက်ဆီသို့ လျင်မြန်စွာပြေးသွား လေ၏။




www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဦးစိန်မောင်မှာ ကိုယ်လုံးကိုယ်ထည်ကြီးသလောက်လျင်မြန် ဖျတ်လတ်သူ ဖြစ်သဖြင့် လေ့ကားထိပ်တွင် ကိုမြင့်မောင်၏ လည်ဂုတ်ကို ဖမ်းမိလျက်သား ရှိနေတော့၏။ ထိုအခါ ဦးထင်ကျော်က ဦးစိန်မောင်အား....

"ခင်ဗျာ့ဒီလူကို သတိနဲ့ ကိုင်ထားဗျနော်၊ အိတ်ထဲမှာ လက်နက်ပါချင်တောင်ပါမယ်"

"ကျုပ်ကို ဘာရမလဲ ဦးထင်ကျော်၊ ခင်ဗျာ့အကောင် လှုပ်ဝံ့လှုပ်စမ်းပါစေ၊ ဒီအကောင်မျိုး နှစ်ယောက်တောင် ကျုပ်မကြောက်ပါဘူး"

"စက္ကန့် ၃၀ အတွင်း၌ပင် ကိုမြင့်မောင်မှာ လက်ထိပ်ခတ်ပြီး ဖြစ်လေရာ ဦးစိန်မောင်လည်း အပြင်ဘက်တွင် စောင့်နေသော ရဲသားလက်သို့ အပ်လိုက်၍ ပုဇွန်တောင် ရဲဌာနသို့ တယ်လီဖုန်း ဆက်ခေါ်ပြီးလျှင် အချုပ်သမားအား ချက်ချင်းအပ်လိုက်လေသည်။

ဒေါ်မြမေနှင့် ညွန့်ညွန့်ရွှေတို့လည်း အတန်ငယ် ရှန်းရင်းဆံ့ခတ် ဖြစ်သွားသည်ကို ကြောက်၍ သဖြင့် အခန်းတွင်းမှ ထွက်သွားကြပြီဖြစ်ရာ ဦးထင်ကျော်ကဆက်၍....

"ဒီလိုကိုးဗျ၊ ကျုပ်ကို လက်ခံစကားပြောနေခဲ့တဲ့လူက သူဌေးဦးရွှေဘော်အစစ်မဟုတ်ဘူးဗျို၊ သူ့နေရာမှာ အစားဝင်ပြီး အယောင်ဆောင်နေတဲ့ လူဘဲဗျ၊ ကဲ....သူတို့ စီစဉ်ပုံ ဘယ်လောက် နေရာကျသလဲ ကြည့်စမ်း၊ အခန်းကလဲ မှောင်တယ်ဗျ၊ စားပွဲတင် ဓာတ်မီးကို အစိမ်းနုရောင် တပ်ထားတယ်၊ စလောင်းနောက် ထိုင်နေတဲ့လူကို မမြင်ရအောင် စားပွဲတင် ဓာတ်မီးကိုလဲ ရှေ့တည့်တည့်လှည့်ပြီးထိုးထား တယ်ဗျ၊ကဲ....ပြီးတော့ ကြည့်လိုက်အုံး၊အင်္ကျီကလဲ ဦးရွှေဘော်ဝတ်တဲ့ အင်္ကျီ ခပ်စုတ်စုတ်၊ နားခေါင်းကိုတော့ ရော်ဘာနဲ့ လုပ်ထားတဲ့ ခပ်တောင့်တောင့် နှာခေါင်းပုံကို အပေါ်က တပ်ထားတယ်ဗျာ၊ ခေါင်းမှာတော့ တခေါင်းလုံး ဖြူနေအောင် ဆံပင်ပုံ အဖြူ တပ်ထားမှာပေါ့၊ပြီးတော့မှ်နောက်ဆုံးမှာအင်မတန်ပါဝါကြီးတဲ့မျက်မှန်ကြီးကိုတပ်ထားရတာကိုဗျ၊ ကဲ....ဘယ့်နှယ်လဲ ကျုပ်ပြောတာ တော်တော်သဘောပေါက်ကဲ့လား၊ ပြီးတော့....ဦးရွှေဘော်ဟာ အိပ်မက်မက်တယ်ဆိုတာ ဘာသက်သေခံ အထောက်အထား ရှိသလဲ၊ သူက ကျုပ်ကို နှုတ်နဲ့ ပြောတာရယ်၊ သူ့မိန်းမကို ပြောတာရယ်ဘဲရှိတယ်၊ ပြီးတော့ သူစာရေး စားပွဲထဲမှာ ခြောက်လုံးပြူး သေနတ်ကို ထည့်ထားတယ်ဆိုတာ ဘာသက်သေခံရှိသလဲ၊ ဒါဟာလဲ ကျုပ်ကို သူပြောပြတာရယ်၊ သူ့မိန်းမက ပြောပြတဲ့ ထွက်ချက်ရယ် ဒါဘဲရှိတယ်"

ဦးထင်ကျော်က ဆက်လက်၍....

"ဒီအကြံက လူနှစ်ယောက်ပေါင်း ကြံတဲ့အကြံဗျ၊ သူဌေးကတော်နဲ့ မောင်မြင့်မောင်တို့ ကြံတဲ့အကြံပေါ့၊ မောင်မြင့်မောင်က ကျုပ်ဆီကို စာရေးတယ်၊ ပြီးတော့ အစေခံအဖိုးကြီးကို ဘယ်လို လုပ်ရမယ်ဆိုတာ ညွှန်ကြားချက်ပေးပြီး သူကတော့ ရုပ်ရှင် သွားကြည့်ဟန်ဆောင်တယ်၊ ဒီနောက် မကြာခင်မှာဘဲ ပြန်လာပြီး သူ့အခန်းထဲသူ တိတ်တိတ် ပြန်ဝင်နေတယ်၊အဲဒီလိုဝင်ပြီးတော့ သူဌေး ဦးရွှေဘော်ယောင် ဆောင်နေတာကိုးဗျ"

"အင်း....အတော်အကြံပိုင်တဲ့ လူတွေဘဲဗျို"

ဦးထင်ကျော်က ဆက်လက်၍....



www.burmeseclassic.com

www.burmeseclassic.com



"ကဲ....ဒီတော့ အခင်းဖြစ်ပွားတဲ့ ညနေ ရောက်လာရော ဆိုပါတော့ဗျာ၊ အပြင်ကနေပြီး ဦးရွှေဘော်ကို စောင့်ပြီးနေတဲ့ သတင်းထောက်နှစ်ယောက်က ဒီအချိန် ဒီအခါမှာ ဦးရွှေဘော်ရဲ့ အခန်းထဲကို ဘယ်သူမှ ဝင်တာထွက်တာ မမြင်ရပါဘူးလို့ သက်သေခံနိုင်တယ် မဟုတ်လားဗျ၊ အမှန်လဲ သူတို့ မမြင်မှမမြင်ဘဲကိုး၊ ကဲ....ဒီတော့ မောင်မြင့်မောင်ဟာ လမ်းပေါ်မှာ မော်တော်ကားတွေ ဆူဆူညံညံနဲ့ အသွားအလာ အင်မတန် များတဲ့အချိန်ကို စောင့်တာပေါ့ဗျာ၊ ဒီအချိန်က ဘယ်အချိန်လဲဆိုတော့ အိပ်မက်ထဲမှာ ဆင်ထားတဲ့အတိုင်း သုံးနာရီ ခွဲလောက်ပေါ့ဗျာ၊ ဒီအချိန်က လမ်းရှေ့မှာ ကုန်တင်ကားကြီးတွေ ကိုယ်ပိုင်ကားတွေ အင်မတန် ရှုပ်တဲ့အချိန်ဆိုတော့ နောက်ဖေး ခန်းက ပစ်လိုက်တဲ့ သေနတ်သံကို ရုတ်တရက် မကြားနိုင်တဲ့ အချိန်မျိုးပေါ့ဗျ၊ ဒီနောက် မောင်မြင့်မောင်ဟာ သူဌေး ဦးရွှေဘော် အခန်းထဲက တိတ်တိတ် ခိုးယူလာတဲ့ ညှပ်ကြိုးနဲ့ သူ့အခန်းထဲက ပြူတင်းပေါက်ကနေပြီး ဦးရွှေဘော်ရဲ့ အခန်းပြူတင်းပေါက်ဘက်ကို အရာ ဝတ္ထုကလေးတခုကိုညှပ်ပြီး ရုတ်တရက် ပြလိုက်တာကိုးဗျ၊ ဒီတော့ ဦးရွှေဘော်ဟာ ကြောက်ရွံ့လို့ ဗြုန်းကနဲ စားပွဲကထပြီး ပြူတင်းပေါက်ဆီလာတာပေါ့၊ ပြူတင်းပေါက်ရောက်တော့ အပြင် ဘက်ဆီကို သူ့ငုံ့ပြီး ဟိုဟိုဒီဒီ ကြည့်တဲ့အခါမှာ ကိုမြင့်မောင်က ဟိုဘက် ပြူတင်းပေါက်နေပြီး နားထင်ကို တဲ့တဲ့မှန်အောင် တခါထဲ ပစ်ချလိုက်တယ်၊ အိမ်ရှေ့ထွက်တဲ့ တံခါးကလဲ ပိတ်ထားပြန်၊ လမ်းပေါ်ကလဲ မောင်တော်ကားသွားတဲ့ အသံတွေ၊ ကားဟွန်းသံတွေက ဆူနေတော့ သေနတ်သံကို မကြားနိုင်ဘူးပေါ့ဗျ၊ ဒီတော့ နောက်ဖေးဘက်ကလဲ တိုက်နံရံကြီးခံနေတော့ ဘာသံမှ မကြားရဘူး၊ ဘယ်သူမှမကြားရဘူး ဘယ်သူမှလဲ အဲဒီဘက် မမြင်နိုင်ဘူး၊ အင်း....ပြောရအုံးမယ်၊ ကိုမြင့်မောင်က သူ့အခန်းဘက်ကနေပြီး ဦးရွှေဘော်ရဲ့ အခန်းကို ညှပ်ကြိုးနဲ့ ညှပ်ပြလိုက်တာဟာ ဘာထင်ဆလဲ"

"ဘာများလဲခင်ဗျာ၊ ကျွန်တော် စစ်ဆေးတုန်းက ဘာမှမတွေ့ရဘူး ဦးထင်ကျော်"

"တိုက်အောက်ကို ကျသွားတာကိုးခင်ဗျ၊ ရုတ်တရက် ဘယ်တွေ့နိုင်မလဲ"

ထိုအခါ ဦးထင်ကျော်သည်ဦးရွှေဘော်၏အစေခံ ကိုသူတော်ကို ခေါ်စေပြီးလျှင် ဦးရွှေဘော်၏ အခန်းပြူတင်းပေါက် အောက်တည့်တည့် နောက်ဖေးလမ်းကြားတွင် ပစ္စည်းတခုခု ကျသွားသဖြင့် သွားရောက် ကောက်ယူခဲ့ရန် ပြောလိုက်ရာ မကြာမီ ကိုသူတော်လည်း ကြောင်ရုပ်တခု ကို ကောက်ယူ၍ တိုက်ပေါ်သို့ တက်လာလေသည်။ ကြောင်ရုပ်ကလေးမှာ ကတ္တီပါအနက်ဖြင့် လှပစွာ ပြုလုပ်ထားသည့် နိုင်ငံခြားဖြစ် အရုပ်ကလေးဖြစ်၍ မျက်လုံးကလေးများမှာ တောက်ပြောင်သော ပုတီးစေ့များတပ်ထားလေသည်။

ဦးထင်ကျော်က ကြောင်ရုပ်ကလေးကို ကိုင်လျက်....

"ဒီအရုပ်ကလေးကို ညှပ်နဲ့ညှပ်ပြီး ဦးရွှေဘော် ကြောက်တတ်မှန်း သိလို့ သူ့ရဲ့ ပြူတင်း ပေါက်မှာ ပြတာပေါ့ခင်ဗျာ၊ ဒီတော့ အဖိုးကြီးကလဲ ပြူတင်းပေါက်ကို ထွက်ကြည့်တာဖြစ်မှာပေါ့"

"ကြံကြံဖန်ဖန် လုပ်မှလုပ်တတ်ပလေဗျာ"

"ကျွန်တော်လဲ အိမ်ကြားထဲမှာ ရှာဘို့ မျက်စိရှုန်းသွားတယ်ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"နို့ပေမဲ့ ဒါဟာ ဦးစိန်မောင်အပြစ်မဟုတ်ပါဘူး ခင်ဗျာ့"

"နို့နေပါအုံး အဖိုးကြီးကို သေနတ်နဲ့ ပစ်ပြီးတဲ့နောက် ဒီကြောင်ရုပ်ကို သူဘာဖြစ်လို့ ချက်ချင်း ဆင်းမကောက်သလဲ ခင်ဗျ"

"ဒါကတော့ ချက်ချင်း ဆင်းကောက်လို့ လူသူလေးပါး မြင်သွားယင် သူ့အပေါ် သင်္ကာမကင်း ဖြစ်မှာစိုးလို့ ဖြစ်မှာပေါ့ခင်ဗျာ၊ ဒီအတိုင်းထားတော့ တယောက်ယောက်က တွေ့တောင် ကလေးတယောက်ကစားပြီး ပစ်ထားတယ်လို့ ထင်မယ်မဟုတ်လား၊ ကဲ...ဒီအထိ ကျုပ်ပြောတာ ရှင်းပြီမဟုတ်လား ဒေါက်တာ"

"ရှင်းပါပြီ ခင်ဗျာ...."

ဦးထင်ကျော်က ဆက်လက်၍....

"ဒီတော့မှ ကိုယ်တော်မြတ်က မိနစ်နှစ်ဆယ်လောက်၊ နာရီဝက်လောက် သူ့အခန်းထဲမှာ သူစောင့်နေသေးတယ်၊ ဒီနောက်မှ စာအုပ်တွေ၊ ဗိုင်တွေကြားထဲမှာ သစ်သားညှပ်ကြီးနဲ့ သေနတ်ကို ဝှက်ယူပြီး ဦးရွှေဘော်ရဲ့ အခန်းဘက်ကို ကူးသွားတာကိုးဗျ၊ ညှပ်ကိုတော့ ဦးရွှေဘော် ထင်နေကျ အတိုင်းစားပွဲပေါ် အသာထားပြီး ခြောက်လုံးပြူးသေနတ်ကိုတော့ ဦးရွှေဘော် အလောင်းရဲ့လက်ထဲ ထည့်ထားခဲ့တာပေါ့ဗျာ၊အဲဒီလိုလုပ်ပြီးတော့မှအခန်းထဲက ကပျာကယာပြေးထွက်လာပြီးဦးရွှေဘော် ဟာ သူ့ကိုယ်သူသတ်သေနေတာ တွေ့ရတယ်ဆိုတဲ့အကြောင်းအပြင်မှာကျေညာချက်ထုတ်တာပေါ့"

"တော်တော် ပိရိတဲ့ အကြံဘဲဗျို့"

ဦးထင်ကျော်က ဆက်လက်၍....

"ပြီးတော့ဦးရွှေဘော်ရဲ့စားပွဲပေါ်မှာ ကျုပ်ဆီကို သူရေးလိုက်တဲ့စာတင်ထားတော့ဒီစာကို တွေ့တဲ့လူတွေဟာ ဦးရွှေဘော်ရဲ့နှုတ်က ကျုပ် ကြားလိုက်ရတဲ့ စကားတရပ်၊ ကျုပ်ကို တိုင်ပင်စရာ ရှိတယ်ဆိုပြီး ခေါ်တဲ့စာရယ်၊ သူ့အလုပ် အခန်းထဲမှာ လက်တဘက်က ခြောက်လုံးပြူးကိုင်ပြီး သူ့ကိုယ်သူ ပစ်သတ်တဲ့ သဘောနဲ့ သေပုံရယ်၊ ပေါင်းစပ်ကြည့်လိုက်ယင် ဦး ရွှေ ဘော် ဟာ ဒီအိပ်မက်ကြောင့် သူ့ကိုယ်သူ အဆုံးစီရင် သွားတာဘဲလို့ လူအများက တွေးကြမှာပေါ့၊ အဲဒီလို ထင်လေလေ သူ့အပေါ်မှာ သံသယကင်းလေလေဖြစ်အောင် လုပ်တဲ့နည်းမျိုးကိုဗျ၊သူတို့နှစ်ယောက် ကြိတ်ကြံတဲ့အကြံပေါ့"

စုံထောက် အင်စပိတ်တော်ဦးစိန်မောင်လည်း ဦးထင်ကျော်အား မိမိလိုက်ပါဆောင်ရွက် နေသည့်အမှုတွင် ကျကဲ့သို့တရားမှန်ကန်ရာ ရောက်အောင် အကူအညီပေးသည့်အတွက် များစွာ ကျေးဇူးတင်ကြောင်း၊ ဦးထင်ကျော်၏ နာမည်ကို ယခင်က အတော်အသင့် ကြားဘူးသော်လည်း ယခု ကိုယ်တွေ့ကြုံရသောအခါမှ ဦးထင်ကျော်၏အမြော်အမြင်ဆင်ခြင်တုံတရားတို့ကို ကောင်းစွာသိရှိ ကြောင်း၊ အရပ်သားတယောက်အနေနှင့် အစိုးရမင်းများ၏ ရာဇဝတ်ဘက်ဌာနသို့ ယခုကဲ့သို့ကူညီ ရသည်ကို အစိုးရကိုယ်စား မိမိက များစွာကျေးဇူးတင်ကြောင်း၊ ယခုကဲ့သို့လူချင်းတွေ့ဆုံရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်းဖြင့် ကျေးဇူးတင်စကား ပြောကြားလျက်ရှိလေ၏။

စာပေမွေ့သူ စာအုပ်တိုက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သို့ရှိစဉ် အိမ်ပေါ်ထပ်မှ 'ဒိန်း' ကနဲ သေနတ်သံတချက်ကြားလိုက်ရသဖြင့် ယောကျ်ားကြီးသုံးယောက်တို့သည် သူ့ထက်ငါ အလုအယက် လှေကားမှတက်သွားကြရာ သူဌေးကတော်ဒေါ်မြမေ၏အခန်းမှာ ပိတ်နေလျက် တံခါးပေါက်ဝတွင်လည်း တံခါးကိုအတင်းဖွင့်ရန်ကြိုးစားလျက်ရှိသော ညွန့်ညွန့်ရွှေကို တွေ့ရလေ၏။ ညွန့်ညွန့်ရွှေ၏အခန်းမှာ ဒေါ်မြမေအခန်းနှင့်ကပ်လျက်ရှိသောကြောင့် သေနတ်သံကို အောက်ထပ်မှ လူများထက်ပို၍ကြားရဟန်တူ၏။ သို့ဖြင့် သူသည် ဒေါ်မြမေအခန်းဘက်သို့ အူယားဖားယား ပြေးလာခြင်းဖြစ်လေသည်။

ဒေါ်မြမေ၏အခန်းမှာ အတွင်းမှပိတ်ထားသော်လည်း ဦးထင်ကျော်နှင့် ဦးစိန်မောင်တို့သည် အရှိန်ယူကာ ပခုံးဖြင့် တပြိုင်နက်ဆောင့်လိုက်ရာ အတွင်းမှ တံခါးလက်ယှက် ပြုတ်ထွက်သွားပြီးနောက် နှစ်ယောက်သားတို့မှာ ကြမ်းပေါ်သို့လဲကျသွားလေ၏။

ထို့နောက်အတွင်းသို့ဝင်သွားကြရာ လကျ်ာဘက်နားထင်တွင် သေနတ်ဒဏ်ရာဖြင့် ကုတင်ပေါ်၌လဲကျကာ အသက်ငွေ့ငွေ့မျှသာရှိသော သူဌေးကတော် ဒေါ်မြမေကို သနားစဖွယ်တွေ့ရှိကြရလေ၏။

ညွန့်ညွန့်ရွှေသည် သူမှန်းထားသော မိထွေးပင်ဖြစ်လင့်ကစား ယခုကဲ့သို့ သနားစဖွယ်တွေ့မြင်ရသောအခါ ကျရှုံးမဆည်နိုင်တော့ ဒေါ်မြမေအား ပွေ့ပိုက်ကာ....

"လုပ်မှလုပ်ချက်ပလေ မမရယ်၊ ဖြစ်မှဖြစ်ရက်ပလေ မမရယ်၊ ဟိုလူဟာ သူ့ထိုက်နဲ့သူ့ကံသွားပြီဟာ ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့ ဒီလောက်တောင် ဘာကြောင့် ရက်စက်ရတာလဲမမရယ်၊ အခုတော့ ကောင်းနိုင်ကြသေးရဲ့လား၊ ဖေဖေလဲ သူများလက်ချက်နဲ့ အသေဆိုးသေရပြီး၊ ဒီဟာနဲ့မပြီးသေးဘဲ အခုမမက သူ့နောက်ကို အသေဆိုးနဲ့လိုက်ပြန်ပြီ၊ အမယ်လေး....ကျွန်မ တကောင်ကြွက်ဖြစ်ပြီ၊ ဖေဖေရေ့၊ သမီးတော့ ဒီအမွေကိုလဲမလိုချင်တော့ဘူး၊ ဖေဖေနဲ့မေမေတို့နောက်ကို တခါထဲလိုက်မယ်"စသည်ဖြင့် တတွတ်တွတ်ရေရွတ်ကာ လူးလှိမ့်ငိုကြွေးလျက်ရှိရှာ၏။

BURMESE CLASSIC .com

*     *     *

သူဌေးဦးရွှေဘော်၏အိမ်တွင် အိမ်ထောင်ဦးစီးဟူ၍ သမီးဖြစ်သူ ညွန့်ညွန့်ရွှေတယောက်သာကျန်ရစ်ခဲ့တော့သဖြင့် သူဌေးကတော် ဒေါ်မြမေ၏ အသုဘကို ဒေါက်တာဦးကျော်အေးကပင်ကြည့်ရှုဆောင်ရွက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအဖြစ်အပျက်များ ဖြစ်ပျက်ပြီးနောက် သုံးလခန့်မျှကြာရှိသောအခါ အတွင်းရေးမှူးဦးမြင့်မောင်မှာ သူဌေးဦးရွှေဘော်အား ပစ်သတ်ကြောင်း တင်ရှားသဖြင့် ထောင်ဒဏ်တသက်ကျခံစေရန် အပြစ်ပေးလိုက်ကြောင်း သတင်းစာများတွင်ပါလာသည်ကို တွေ့မြင်ရ၏။

နောက်နှစ်လခန့်အကြာ၌ ညွန့်ညွန့်ရွှေသည် သူ၏ချစ်သူ မောင်တင်လှိုင်ဆိုသူ ကောလိပ်ကျောင်းသား တယောက်နှင့် လက်ထပ် ထိမ်းမြားလေရာ၊ ဦးထင်ကျော်နှင့်တကွ ဒေါက်တာဦးအေးကျော်ပါ လက်ထပ်ပွဲသို့ လာရောက်ချီးမြှင့်ကြလေသည်။

နောက်တနေ့၌ ဦးထင်ကျော်သည် ညွန့်ညွန့်ရွှေထံမှ ချိတ်ပိတ်လျက်ရှိသောစာအိတ်တလုံးကို ရရှိလေရာ စာအိတ်ထဲတွင် မိမိ၏ဖခင်အမှု၌ အပြစ်ရှိသူအား အပြစ်ရစေရန်နှင့် တရားမှန်ကန်ရာရောက်စေရန် ကူညီဆောင်ရွက်သည့်အတွက် ကျေးဇူးတင်သည့်အထိမ်းအမှတ်အဖြစ်ဖြင့် ငွေ၁၀၀၀ ကျပ်တန် ချက်လက်မှတ်တစောင်၌ ဤစာအိတ်နှင့်အတူ ပူးတွဲပေးပို့လိုက်ကြောင်းပါရှိလေသည်။

BURMESE CLASSIC .com

•••••••••••

www.burmeseclassic.com